
http://www.dhammadownload.com



# ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ အလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁ - ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇.၉.၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော် ဖြစ်၍ မောင်နှမ (၇) ယောက် တို့တွင် သားဦးရတနာ ဖြစ်ပါသည်။


အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်ပညာကို ရှမ်းကန်ကျေးရွာ၌လည်းကောင်း၊ ကဝမြို့နယ်၊ မကြက်ကြီးကျေးရွာ၌လည်းကောင်း၊ ရန်ကုန်မြို့ တာမွေ အမှတ် (၁) အထက်တန်းကျောင်း၌လည်းကောင်း အသီးသီး ဆည်းပူးသင်ယူ အောင်မြင်ခဲ့၍ တပ်မတော် (လေ) ၌ ၁၂ - နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သားကောလိပ်၌ တတိယနှစ်အထိ ပညာသင်ယူခဲ့ပါသည်။

ဆရာတော် အလောင်းလျာသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂ ရရှိမှု၊ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဇနိတာရာမဆရာတော်ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ - ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့ (၂၇ - ၄ - ၁၉၉၁) ရက်နေ့ နံနက် (၈း၄၅) နာရီ အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပဋိပတ္တိ၊ ပရိယတ္တိ အလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ တောင်စွန်း ဓမ္မဒူတ ဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဒီယ ဘာဏကနှင့် သီရိပဝရ ဓမ္မာစရိယ)၊ မုဒုံမြို့ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (ပဉ္စနိကာယ ပိဋကတ္တယပါဠိပါရဂူ)၊ တောင်စွန်းဓမ္မဒူတ တောရကျောင်း ဘဒ္ဒန္တပညိဿရ (ဓမ္မာစရိယ)၊ မော်ဘီဓမ္မဒူတ ဇေတဝန်တောရ ဘဒ္ဒန္တခေမိန္ဒ (ဓမ္မာစရိယ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ဝိပဿနာတရားစခန်းများကို ဒေသအသီးသီးနှင့် ပြည်တွင်းပြည်ပနိုင်ငံများသို့ လှည့်လည်ဟောပြော ပြသနေစဉ် ၂၂.၁၀.၂၀၀၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ပတ္တနားမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ ဖြစ်ပါသည်။

http://www.dhammadownload.com




# အရှင်ပုညာနန္ဒ

ဟောကြားတော်မူသော


## မကျန်းမမာဖြစ်တိုင်း
## ဒီတရားခွေလေး
## ဖွင့်နာလိုက်ပါ



http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်



ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

http://www.dhammadownload.com

# ဆရာတော်အရှင်ပုညာနန္ဒ၏ သာသနာပြုလုပ်ငန်းများကို

# ခမည်းတော် ဘဒ္ဒန္တဝိစာရ

# မှ

# ဆက်လက်ဆောင်ရွက်

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဗဟုဇနဟိတဓရ ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များစာအုပ်, တိပ်, CD, VCD, DVD များအား သာကေတမြို့နယ်၊ ( ၉ ) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် ဝယ်ယူရရှိနိုင်ပါသည်။

လစဉ် အင်္ဂလိပ်လဆန်း (၁၃) ရက်နေ့တိုင်း (၁၀) ရက် တရားစခန်းများကိုလည်း ပုံမှန် ဖွင့်လှစ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံ ဓမ္မကထိကများမှ အလှည့်ကျ ဟောပြောပြသမည် ဖြစ်ရာ၊ ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက်ပိုင်း ဆရာတော် ဆောင်ရွက်တော်မူခဲ့သော သာသနာပြုလုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရ နှင့် တပည့်သာဝကများမှ ဆက်လက်တာဝန်ယူ ဆောင်ရွက်နေပါသည်။

## ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၅၅၃၃၃၀၊ ၅၅၁၁၇၂

http://www.dhammadownload.com

K-300 1296010

# အရှင်ပုညာနန္ဒ

# မကျန်းမမာဖြစ်တိုင်း ဒီတရားခွေလေးဖွင့်နာလိုက်ပါ တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၄) ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ်ကမ်ဒေသ၊ ကျောက်ချွန်းရပ် ဂျီပီမင်္ဂလာခန်းမမှာ ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူပေးလှူပွဲ (၆) ရက်မြောက်သောနေ့ ညပိုင်း တရားအဖြစ် ဟောကြားအပ်သော **" မကျန်းမမာဖြစ်တိုင်း ဒီတရားခွေလေး ဖွင့်နာလိုက်ပါ တရားတော် "** ။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ယမက ပါဋိဟာရိယာ ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါမယ်၊ နာယူသူအပေါင်းက ဘုရားရှင်ရဲ့ကိုယ်တော် အစိတ်စိတ်က ရေတစ်တန်၊ မီးတစ်တန်၊ တန်ခိုးပြာဋိဟာပြတဲ့ပုံဟန်တွေကို မိမိတို့ရဲ့အာရုံမှာ ထင်ပေါ်အောင်လို့ အာရုံပြု နှလုံးသွင်းရင်းနဲ့ လေးလေးစားစား လက်အုပ်ချီမိုးလို့ အာရုံပြုထားကြပါ . . . ။

http://www.dhammadownload.com



# ယမက ပြာဋိဟာ ဘုရားရှိခိုး

**ကဏ္ဍမ္ဗမူလေ ပရဟိတကရော ယောမုနိန္ဒော နိသိန္နော၊**
**အစ္ဆေရံ သီဃံ နယနသုဘဂံ အာကုလန္တဂ္ဂိဇာလံ၊**
**ဒုဒ္ဒါလဒ္ဓံ မုနိဘိဇ, ဟိတံ ပါဋိဟေရံ အကာသိ၊**
**ဝန္ဒေတံ သေဋ္ဌံ ပရမရတိဇံ ဣဒ္ဓိဓမ္မေဟုပေတံ။**

**ပရိဟိတကရော** - ဝေနေယျအများ သူတစ်ပါးတို့ စီးပွားဥစ္စာ ဖြစ်စိမ့်ငှာ လျှင် ဝါလေးဆယ့်ငါးကာလလျှားအောင် ဘုရားတို့ငြမ်း ကိစ္စတော် ငါးခန်းကို ကြိုးပမ်းမယုတ် ပြုလုပ်ပြီး ပြေတော်မူစေတတ်ထသော၊

**ယောမုနိန္ဒော** - အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူတော အကြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊

**ကဏ္ဍမ္ဗမူလေ** - ကဏ္ဍဟူသော လူအမည်ဖြင့် ဂုဏ်ရည်လျှံငြီး သရက်ပင် အနီး၌၊

**နိသိန္နော** - တိတ္ထိတဝေး ရန်အလေးကို ဝေးရပ်ထိုဤ ပြေးစိမ့်မည်ဟု, မျှညီယာပိုက်, နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံး စံနေတော်မူလျက်၊

**အစ္ဆေရံ** - မကြုံစဖူး မဖြစ်ထူးကို အထူးတွေ့ကြုံ သို့ဖြစ်ပုံကြောင့် လူ့ဘုံ နတ်ရွာ ကောင်းတင်းငြာလျက် ဖြဟ္မာ မဟာဂ္ဂုတ် ဘဝဂ်လှုပ်အောင် လက်ခုပ် ငြာဟည်း လက်ဖျစ်တီး၍ အံ့ချီးခြင်းငှာ ထိုက်တန်စွာထသော၊

**သီဃံ** - ရေအယဉ်ကို ဖန်ဆင်းသည်က တစ်ကာလ, မီးအလျှံကို ဖန်းဆင်း သည်က တစ်ကာလ, ဤသို့လျှင်ကာလ ခြားကွာ ဖြစ်တုံပါလည်း ဗြဟ္မာ နတ်လူ ဘုံသုံးသူတို့ စွဲယူမှတ်သား တစ်ချိန်တည်း တစ်ခဏတည်း ဖြစ်သည်ဟု အထင်မှားရအောင် လျင်လျားလည်း၊ လျင်လျားစွာထသော၊

**နယနသုဘဂံ** - နတ်လူရှိရှိ ဖူးမြင်သူတို့ မျက်စိဝယ် ပီတိဟုန်ဆင့် လွှမ်း အောင် အဆန်းအကြယ် တင့်တယ်သပ္ပါယ်စွာထသော၊

http://www.dhammadownload.com



**ဒုဗ္ဗာလဒ္ဓံသံ** - နိယျာနိက သာသနာမှလျှင် ပြင်ပဗာဟိ ဝိတဏ္ဍီတို့ ထိုဤ မြွေးယှက် မိစ္ဆာအယူတည်းဟူသော ကွန်ယက်ကို ချိုးဖဲ့ဖျက်ဆီးခြင်းငှာ စွမ်းနိုင်စွာထသော၊

**မုနိဘိ** - ကဿပမြတ်စွာ အစဖြာသား မဟာ ပရမေ, ပွင့်တော်မူကြပြီး သော သုံးလူ့ဆွေတို့သည်၊

**အဇ္ဈဟိတံ** - ဤနေရာ ဤဌာနဝယ် ပြမြပြမြ မှန်မလွဲသဖြင့် မစွန့်မဖယ် အပ်သော တရားတစ်မျိုးလည်း ဖြစ်ပေထသော၊

**အာကုလန္တဂ္ဂိဇာလံ** - ရောယှက်ထွေးအုံ ရေမီးအစုံအစုံတည်းဟူသော

**ပါဋိဟေရံ** - တန်ခိုးပြာဋိဟာကို၊

**ဝါ-အာကုလန္တဂ္ဂိ** - အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊

**ဇာလံ ပါဋိဟေရံ** - အောက်ဖြစ်သော ကိုယ်တော်အစိတ်မှာ ရေအယဉ်, အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်၊

- ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ, နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်၊ နောက် ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ, ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်၊

- လက်ျာမျက်လုံးတော်မှ မီးအလျှံ, လက်ဝဲမျက်လုံး တော်မှ ရေအယဉ်၊ လက်ဝဲမျက်လုံးတော်မှ မီးအလျှံ, လက်ျာမျက်လုံးတော်မှ ရေအယဉ်၊

- လက်ျာနားတွင်းတော်မှ မီးအလျှံ, လက်ဝဲနားတွင်းတော်မှ ရေအယဉ်၊ လက်ဝဲနားတွင်းတော်မှမီးအလျှံ, လက်ျာနားတွင်းတော်မှ အရေအယဉ်၊

- လက်ျာနှာခေါင်းပေါက်တော်မှ မီးအလျှံ, လက်ဝဲနှာခေါင်းပေါက် တော်မှ ရေအယဉ်၊ လက်ဝဲနှာခေါင်း ပေါက်တော်မှ မီးအလျှံ, လက်ျာ

http://www.dhammadownload.com



နှာခေါင်းပေါက်တော်မှ ရေအယဉ်၊

- လက်ျာပခုံးတော်မှ မီးအလျှံ, လက်ဝဲပခုံးတော်မှ အရေအယဉ်၊ လက်ဝဲပခုံးတော်မှ မီးအလျှံ, လက်ျာပခုံးတော်မှ ရေအယဉ်၊

- လက်ျာလက်တော်မှ မီးအလျှံ, လက်ဝဲလက်တော်မှ ရေအယဉ်၊ လက်ဝဲလက်တော်မှ မီးအလျှံ, လက်ျာ လက်တော်မှ ရေအယဉ်၊

- လက်ျာနံပါးတော်မှ မီးအလျှံ, လက်ဝဲနံပါးတော်မှ ရေအယဉ်၊ လက်ဝဲနံပါးတော်မှ မီးအလျှံ, လက်ျာ နံပါးတော်မှ ရေအယဉ်၊

- လက်ျာခြေတော်မှ မီးအလျှံ, လက်ဝဲခြေတော်မှ ရေအယဉ်၊ လက်ဝဲခြေတော်မှ မီးအလျှံ, လက်ျာခြေတော်မှ ရေအယဉ်၊

- လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြား အကြားမှ မီးအလျှံ, လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူ တို့မှ ရေအယဉ်၊

- လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ မီးအလျှံ၊ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားကြားမှ ရေ အယဉ်၊

- တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ မီးအလျှံ, အခြားတစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ ရေအယဉ်၊

- တစ်ဆူ တစ်ဆူသော မွေးညင်းတွင်းတော်မှ မီးအလျှံ, အခြားတစ်ဆူ တစ်ဆူသော မွေးညင်းတွင်းတော်မှ ရေအယဉ်၊

- တသွင်သွင်ပြောင်းလဲ ဖူးလိုက်တိုင်း အဆင်ကွဲသဖြင့် အံ့အဲ၍မဝ ချီးပ၍မကုန် ရောင်ခြည်တော်ခြောက်ဖုံနှင့်တကွ အစုံအစုံသော ရေမီး တန်ခိုးပြာဋိဟာကို၊

http://www.dhammadownload.com



အကာသိ - တိတ္ထိတဝန်း တက္ကဒွန်းတို့ ဦးစွန်းဗွေလျှောက် ခြေတော်နှင့် ပေါက်သကဲ့သို့ နောက်တဖန် မာန်မတင်းဝံ့အောင် ဖန်ဆင်းပြသတော်မူ ခဲ့လေပြီ။

သေဋ္ဌ - ချီးမွမ်းအပ်သူ နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆဆ လွန်ကျူး အထူးသဖြင့် ချီးမွမ်းအပ်မြတ်တော်မူထသော၊

ပရမ ရတိဇံ - နှလုံးအာရုံစွဲမြဲထုံက၊ ဘုံနန်းသိဝ, နိဗ္ဗူကျအောင် ဖလကျေးဇူး လွန်ပုံ့ပြူးသဖြင့် အထူးသဖြင့် နှစ်သက်စေတတ်သည့် အမြတ်ဥစ္စာ ရတနာ တစ်ဆူ ဖြစ်တော်မူထသော၊

ဣဒ္ဓိဓမ္မေဟိ - ဣဒ္ဓိအစိန္တေယျ ဓမ္မကျေးဇူးဂုဏ်အထူးတို့နှင့်၊

ဥပေတံ - လောကီငှက်ပုံ ပြည့်စုံတော်မူပေထသော၊

တံမုနိန္ဒံ - အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူဆွေ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို၊

အဟံ - သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မြော် ဘုရားတပည့် တော်သည်။

ဝန္ဒေ ဝန္ဒာမိ - ယမကာ ပြာဋိဟာတရား ရှိခိုးရခြင်းသည် သဒ္ဓါဂုဏ် မဟာဂုဏ်ကို အာရုံမျှော်ကိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏မြတ်စွာဘုရား။

မယံ-တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့သည်။

ဝန္ဒေ ဝန္ဒာမ - ယမကာပြာဋိဟာတရားတော်ကို ရှိခိုးရခြင်းသည် အဒ္ဓါဂုဏ် မဟာဂုဏ်ကို အာရုံမျှော်ကိုး လက်စုံမိုး၍ ရှိခိုးဦးနှိမ်ကြပါကုန်၏ မြတ်စွာ ဘုရား။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ မိမိတို့အားလုံးဟာ ဒီခန္ဓာကြီးရထားတော့ အချိန်မရွေး မမာမကျန်းကလည်း အမြဲတမ်းဖြစ်တတ်တဲ့အတွက် မမာမကျန်းဖြစ်တိုင်းမှာလည်း အော်ဟစ် ညည်းညူပြီးတော့ ဒုက္ခဆင်းရဲတွေကြားမှာ အသေသာဦးသွားခဲ့ရင် အပါယ်မှ တစ်ပါး သွားစရာမရှိလောက်အောင်ကို အကျည်းတန် အရုပ်ဆိုးတဲ့အဖြစ် မျိုးနဲ့ မကြုံရအောင် မကျန်းမမာဖြစ်တိုင်း ဖြစ်တိုင်းမှာ ယနေ့ ဟောတဲ့တရား အပေါ်မှာ အမြဲတမ်း အာရုံပြုပြီးတော့ နှလုံးသွင်းနိုင်ရင် အနာရောဂါ ကိုလည်း ကျော်လွှားလို့ ကိုယ့်ရဲ့သန္တာန် နှိပ်စက်နေတဲ့တရားတွေအပေါ်မှာ လည်း ကိုယ်သာနာမယ် စိတ်မနာဘဲနဲ့ သေသွားသည့်တိုင်အောင် အရိယာ အဖြစ်နဲ့ သေရတဲ့အဖြစ်မျိုး အသေကောင်းသေနိုင်တဲ့အဖြစ်မျိုးရမယ်ဆိုရင် ယနေ့ညတရားဟာ အကြီးအကျယ် တန်ဖိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အားလုံးသော သူတော်စင်တွေဟာ ခန္ဓာရတဲ့အတွက်ကြောင့်မို့လို့ အမြဲမပြတ် အနှိပ်စက်မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'တစ်နေ့တည်းမဟုတ်ဘူး အချိန်တိုင်း အနှိပ်စက်ခံနေရတာဟာ ခံသာတာနဲ့ မခံသာတာ ကွာနေလို့သာ ခံသာတဲ့အတွက်ကြောင့် ကျန်းမာ တယ်လို့ ထင်ရပေမယ့် နေ့စဉ်နဲ့အမျှ ဟောဒီ တစ်ကိုယ်လုံး တစ်ကောင်လုံး မှာ ရောဂါမျိုးစုံက နှိပ်စက်နေတဲ့အတွက်ကြောင့်မို့လို့ ကျန်းမာတယ်ဆိုတာ ဘယ်သူမှ မရှိပါဘူး'

'မှန်လှပါဘုရား'

'အိပ်ရာထက်ကလဲလို့ အော်ညည်းတဲ့အခါကျမှသာ မကျန်းမာဘူး ထင်နေကြတာ၊ အခုလို သွားနိုင်လာနိုင်ကတည်းကိုက မကျန်းမာတဲ့သဘော ဟာ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ရောဂါမျိုးစုံ နှိပ်စက်နေတာကို ယနေ့ သိမယ်ဆိုလည်း တန်ဖိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'အိပ်ရာထက်က လဲသည့်တိုင်အောင် ကိုယ့်ရဲ့သန္တာန်ရှိနေတဲ့ ရောဂါဝေဒနာလို့ သုံးစွဲနေတဲ့ဒီစကား ရောဂါဆိုတာဘာ ဝေဒနာဆိုတာဘာ၊ ဒါကို သဲကွဲစွာ ပိုင်နိုင်စွာ ဉာဏ်ရောက်အောင်သိရင် အဲဒီအသိလေးကို နှလုံးသွင်းရင်းနဲ့ ဖျတ်ဆို စုတိစိတ်ကျစမ်းပါစေ အပါယ်ကလွတ်ပြီးတော့ အရိယာအဖြစ်နဲ့တောင် အသေကောင်းသေနိုင်တယ်ဆိုတော့ တန်ဖိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အေး-ဒီအကြောင်းအရာလေးကို ကောင်းစွာသဘောပေါက်ပြီး သိအောင်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်ပြည်ဌာန ဘယ်ဒေသမှာ သီတင်းသုံးတော်မူတဲ့အခါမှာ ဘယ်ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီးတော့ ဟောသွားတာလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးတဲ့အချိန် တစ်နေ့ အရှင်အာနန္ဒာက ရောက်ရှိလာပြီးတော့ 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဖဂ္ဂုန ရဟန်းတော်လေးဟာ မနာမကျန်းဖြစ်ပြီးတော့ အနာရောဂါတွေ နှိပ်စက်နေတဲ့အတွက် အော်ဟစ် ညည်းညူပြီးတော့ လူးလိမ့်ခံနေရပါတယ်၊ သနားစဖွယ်ဖြစ်အင်ကလည်း မြင်တွေ့ရတဲ့ပုဂ္ဂိုလ်တိုင်းမှာ ရင်သပ်ရှုမောဖြစ်ရပါတယ်ဘုရား၊ ဒါကြောင့်မို့လို့ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကြွရောက်ချီးမြှင့်ပြီး တရားဓမ္မ ချီးမြှင့်တော်မူပါဘုရား' လို့ အရှင်အာနန္ဒာ လျှောက်ထားတဲ့အတွက်ကြောင့်မို့လို့ ညနေစောင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အရှင်အာနန္ဒာနှင့်အတူ ဖဂ္ဂုနရဟန်းတော်လေးရဲ့ မကျန်းမမာရောဂါတွေ ခံစားနေရတဲ့ကျောင်းတိုက်ကို ကြွပြီးတော့ ချီးမြှောက်တယ်ပေါ့'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရောက်သွားတဲ့အချိန်အခါမှာ ဖဂ္ဂုန ရဟန်းတော်လေးကို -

'ချစ်သား ဖဂ္ဂုန၊ သင့်ရဲ့ခံစားနေရတဲ့ အနာရောဂါတွေသည် နောက်ဆုတ်ပါရဲ့လား၊ နောက်ဆုတ်တဲ့အခြင်းအရာ ပြရဲ့လား၊ ဒါမှမဟုတ် ရှေ့သို့ တိုးနေသလား၊ ရှေ့တိုးတဲ့ အခြင်းအရာတွေနဲ့ ပြပြီးတော့ အနှိပ်စက်ခံနေ

http://www.dhammadownload.com



ရလား' လို့ မေးတဲ့အခါကျတော့ -

'မှန်လှပါဘုရား၊ တပည့်တော်ရဲ့ဟောဒီခန္ဓာမှာ နှိပ်စက်နေတဲ့ အနာရောဂါတွေဟာ နောက်သို့ မဆုတ်ပါဘုရား၊ နောက်ဆုတ်တဲ့အခြင်းရာတွေလည်း တစ်နေ့မှ မတွေ့ရပါဘုရား၊ ရှေ့သို့တိုးလို့သာ နှိပ်စက်နေလို့ တပည့်တော်မှာ လူးလိမ့်ပြီးတော့ အော်ညည်းနေရပါတယ်ဘုရား' လို့ သနားစဖွယ်လျှောက်နေပါပြီ။

'ဒီထက်ပိုပြီးတော့ ထင်ရှားအောင် တပည့်တော်ရဲ့ခေါင်းကြီး ဆူးချွန်တွေနဲ့ဝိုင်းပြီး စိုက်သလိုမျိုး တစစ်စစ်နဲ့ကိုက်လိုက်တာ ထိုးလိုက်တာ မခံမရပ်နိုင်အောင် ခေါင်းကြီး ပွင့်ထွက်မတတ် ခံစားနေရပါတယ်ဘုရား' လို့ အဲဒီလို ဥပမာတွေနဲ့ လျှောက်ထားတာကို ကြည့်ခြင်းအားဖြင့် ဖဂ္ဂုနရဟန်းတော်လေး အကြီးအကျယ် မခံနေရဘူးလား?'

'ခံနေရပါတယ်ဘုရား'

'ယနေ့ မိမိတို့လည်း ခေါင်းထိုးဖူးကြတာပါပဲ'

'မှန်လှပါဘုရား'

'အဲဒီလို ခေါင်းထိုးတဲ့အခါ ခေါင်းကြီးကို ကိုင်ပြီးတော့မှ ဆေးအမျိုးမျိုးကို တောင်းပြီး နှိပ်ပါအုံးဟဲ့ ပြုစုပါအုံးဟဲ့လို့ အော်ညည်းတဲ့ အဆင့်မျိုးကိုလည်း မရောက်ခဲ့ဘူးလား?'

'ရောက်ခဲ့ပါတယ်ဘုရား'

'ဘာကြောင့် အော်ညည်းနေရလဲ၊ အော်ညည်းလွတ်တယ်ဆိုတဲ့ သဘောတရားတွေကို ယနေ့ည ကောင်းစွာ ကွဲပြားပြီးတော့သိသွားရင် ကိုယ်သာ နာမယ် စိတ်မနာတော့ဘူး၊ ဒီလိုဆိုရင် မိမိတို့ ယနေ့ည သေနည်းတရား တစ်ခု သိသွားပြီလို့ မှတ်ထားလိုက်ပါ'

'မှန်လှပါဘုရား'

'ဘာတရား?'

'သေနည်းတရားပါဘုရား'

http://www.dhammadownload.com



'ဩော်-သေတာများ သင်စရာလိုလား'

'လိုပါတယ်ဘုရား'

'လိုပါတယ်၊ လူတစ်ယောက်သေတာက ဆန့်ဆန့်ကြီးသေတာ၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ပြောဖူးတယ်၊ အဲဒီလို ခွေးသေဝက်သေ သေတာမျိုးက လူတိုင်း သေတတ်ပါတယ်၊ အရိယာတို့ရဲ့ သေခြင်းမျိုးကတော့ သေတတ်ဖို့ လွယ်ပါ့မလား?'

'မလွယ်ပါဘူးဘုရား'

'ဒါကြောင့် သေနည်းကော မသင်ရဘူးလား?'

'သင်ရပါတယ်ဘုရား'

'ဒီအသေကောင်း သေတတ်ဖို့အတွက်ကို အခု ခန္ဓာမှာ ခံစားနေရတဲ့ အနာရောဂါ ဘယ်လောက်များ နှိပ်စက်နေသလဲမေးရင် ဆူးချွန်တွေ သူ့ခေါင်းကြီးကို ဝိုင်းထိုးနေသလိုမျိုး အခံရခက်လောက်အောင်ကို ကြောက်စရာကောင်းတဲ့ နှိပ်စက်မှု ကြုံနေရတဲ့အကြောင်း ဆူးချွန်နဲ့ထိုးမှုလေးကို ဥပမာပေးပြီးတော့ ပြကတည်းက အကြီးအကျယ် ခံစားနေရတယ်ဆိုတာ တစ်ချက်တော့ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'အရှင်ဘုရား ဒါတင်မကသေးဘူးဘုရား၊ တပည့်တော်ရဲ့ ခေါင်းကြီးကလည်း တင်းလိုက်တာဘုရား၊ ဘာနဲ့တူသလဲဆိုရင် အားကောင်းလှတဲ့ ယောကျာ်းကြီးက သားရေပတ်ပြားကြီးနဲ့ တပည့်တော်ခေါင်းကြီးကို ဆွဲတင်းထားသလို အနေရခက်လှပါတယ်ဘုရား၊ ခေါင်းကြီးတင်းလွန်းအားကြီးတဲ့အတွက် ဘယ်အချိန်မှာ ပေါက်ထွက်မလဲလို့တောင် ခံစားရတဲ့ အနေအထားမျိုးကြုံနေရလို့ တပည့်တော်မှာ တစ်နေ့တခြား လျော့မလားလို့ သတိထားပေမယ့် မလျော့ပါဘူးဘုရား၊ တိုးတိုးပြီးတော့သာ တင်းလာတဲ့အတွက်ကြောင့် အကြီးအကျယ် နာကျင်နှိပ်စက်မှုကြားထဲမှာ လှိမ့်နေရပါတယ်ဘုရားလို့ လျှောက်ထားခြင်းအားဖြင့် တကယ့်ကိုပဲ ရောဂါမကြီးဘူးလား ကြီးလား?'

'ကြီးပါတယ်ဘုရား'

http://www.dhammadownload.com



'သူဒီလို ခံစားနေရတာကို ဥပမာနဲ့လျှောက်တော့မှ ပီပြင်စွာ သိရတာပါ'

'မှန်လှပါဘုရား'

'ဒါတင်မကသေးဘူးဘုရားတဲ့ တပည့်တော်ရဲ့ ဝမ်းဗိုက်ကြီးကလည်း နာလိုက်တာဘုရားတဲ့၊ အဲဒီနာကျင်မှုကလည်း အလွန်ကို ကျွမ်းကျင်လိမ္မာလှတဲ့ နွားသတ်သမားဟာ သူရဲ့ထက်လှစွာသောဓားနဲ့ နွားတွေရဲ့ အံရေပြားလေးကိုလှန်ပြီး အကြောလေးတွေကို ဖြတ်တောက်ဖြတ်တောက်နေသလို တပည့်တော်ရဲ့ ဟောဒီဝမ်းဗိုက်မှာ နာကျင်မှုက တရိပ်ရိပ် လှီးဖြတ်နေသလို မျိုးကနဲ၊ စစ်ကနဲ နာတာဟာလည်း မခံမရပ်နိုင်အောင် တစ်နေ့တခြား တိုးပြီးတော့ လှိမ့်နေအောင် အော်နေပါတယ်ဘုရားလို့ ဗိုက်ကို အကြောင်းပြုပြီး နာကျင်မှုရဲ့ မခံမရပ်နိုင်ပုံကိုလည်း မလျှောက်ဘူးလား?'

'လျှောက်ပါတယ်ဘုရား'

'ခေါင်းကိုလည်းပဲ ပြုပြီးတော့ လျှောက်နေတယ်၊ ဝမ်းဗိုက်ကိုလည်း ပြုပြီးတော့ လျှောက်နေတယ်၊ ဒါတင်မကသေးဘူးဘုရား တပည့်တော်ရဲ့ ဟောဒီကိုယ်ကြီးတစ်ခုလုံးမှာလည်း ပူလောင်နေတာ ခြစ်ခြစ်တောက်ပူတဲ့ အပူဟာ တစ်နေ့မှမကျပါဘူးဘုရား၊ ဘယ်လောက်တောင် အခံရခက်သလဲမေးရင် အားကောင်းလှတဲ့ ယောကျာ်းကြီးနှစ်ယောက်ဟာ တပည့်တော်ရဲ့ ဘယ်ဘက်လက်မောင်း၊ ညာဘက်လက်မောင်းကို ဆွဲမြှောက်ပြီးတော့ အလွန်ပူပြင်းလှတဲ့ ရှားမီးတွင်းထဲမှာ ဘယ်ပြန်၊ ညာပြန် လှိမ့်နေသလိုမျိုး အလွန်ကို ခံရခက်လောက်အောင် ပူလောင်မှုတွေ ခံနေရတဲ့အကြောင်း၊ မသက်သာတဲ့အကြောင်း တစ်နေ့တခြား တိုးပြီးတော့ ခံနေရတဲ့အကြောင်းကို ဒီဥပမာကို ပြခြင်းအားဖြင့် ကိုယ်တွေက ပူလောင်မှုကလည်း သေလောက်အောင် မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'မိမိတို့ အဲဒီနေရာလေး ဝင်ကြည့်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကိုယ်လည်းပဲ ဒီလိုအဖြစ်မျိုးနဲ့မကြုံဘူးလို့ ပြောလို့မရဘူးနော်'

'မှန်လှပါဘုရား'

'ဘာရထားလို့?'

'ခန္ဓာရထားလို့ပါဘုရား'

'ခန္ဓာရထားတဲ့အတွက်ကြောင့်မို့လို့ ဟောဒီခန္ဓာရဲ့ နှိပ်စက်မှုတွေဟာ အားလုံးသော သတ္တဝါတွေ ကြုံရမှာပါ'

'မှန်လှပါဘုရား'

'ကြုံတဲ့အခါမှာ ဘယ်လိုဖြေရှင်းမလဲဆိုတာကို ယနေ့ တရားက ဖော်ထုတ်ပေးသွားလိမ့်မယ်'

'မှန်လှပါဘုရား'

'အခု အော်ညည်းနေရတဲ့အကြောင်းတွေ ဘုရားရှင်ထံမှာ သနားစဖွယ် လျှောက်ထားနေပြီ၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တစ်ခွန်းတော့ မိန့်လိုက်ပါတယ်၊ 'ချစ်သားဖဂ္ဂုန ငါနဲ့ဝေဒနာ မရောစေနဲ့' ဘယ်လိုပြောလိုက်?'

'ငါနဲ့ဝေဒနာ မရောစေနဲ့ပါဘုရား'

'ငါနဲ့ဝေဒနာမရောစေနဲ့၊ ရုပ်နဲ့ဝေဒနာကိုလည်း ခွဲခြားပြီးသိအောင် သတိပြုဖို့အတွက် တိုက်တွန်းသွားပြီ၊ အဲဒါကို သတိမပြုနိုင်တဲ့အတွက်ကြောင့်မို့လို့ ငါနဲ့ဝေဒနာ မကွဲတော့ ငါမခံနိုင်ဘူး ငါ့ခေါင်းကြီးထိုးတယ် ငါ့ခေါင်းကြီးတင်းတယ်၊ အဲဒီငါ့ခေါင်းထိုးလို့ ငါ့ခေါင်းတင်းလို့ ငါ့ဗိုက်ကြီးနာလို့ ငါ့ကိုယ်ကြီးပူလို့ငါမခံနိုင်ဘူးဆိုပြီး အော်ညည်းနေရတဲ့အသွင်ကိုက ဘာနဲ့ဘာရောနေလို့?'

'ငါနဲ့ဝေဒနာ ရောနေလို့ပါဘုရား'

'ဒီတစ်ချက် ယနေ့ည ပြေလည်အောင် ရှင်းနိုင်လို့ သဘောပေါက်ရင် အကြီးအကျယ် တန်ဖိုးရှိတော့မှာပါ?'

'မှန်လှပါဘုရား'

'ယနေ့ည တရားဟာ အလုပ်သမား တော်တော်များများအတွက်

http://www.dhammadownload.com



လည်း ကျေးဇူးများသလို၊ မနာဖူးတဲ့ပုဂ္ဂိုလ်လည်းပဲ သဘောရှင်းအောင်တော့ သေချာ ပြောပေးသွားမှာပါ?'

'မှန်လှပါဘုရား'

'အခု သူတော်စင်များရဲ့သန္တာန်မှာ ဖြစ်ပေါ်တဲ့တရားတွေကို ရှေးဦးစွာ နားလည်ဖို့က သူတော်စင်များ သုံးနေကျစကားတစ်ခွန်းရှိတယ်၊ ရောဂါဝေဒနာ တွဲမသုံးဘူးလား?'

'သုံးပါတယ်ဘုရား'

'ရောဂါဝေဒနာလို့ တွဲသုံးနေကြတဲ့ ဒီစကားမှာ ရောဂါဆိုတာလည်း ပါဠိစကား၊ ဝေဒနာဆိုတာလည်း ပါဠိစကား၊ ဒါဖြင့် သုံးနေတဲ့ စကားလေး နှစ်လုံးပြန်ပြောရင် ရောဂါဝေဒနာ၊ ပြောလိုက်ပါ'

'ရောဂါဝေဒနာပါဘုရား'

'ရောဂါဝေဒနာလို့ပြောတယ်၊ အဲဒီနှစ်လုံးကို တွဲသုံးနေပေမယ့် ရောဂါဆိုတာလည်း ပါဠိစကားတစ်ပုဒ်၊ ဝေဒနာဆိုတာလည်း ပါဠိစကားတစ်ပုဒ်၊ အဲဒါကို မြန်မာလိုအသုံးအနှုန်းမှာ ကျယ်ပြန့်အောင် သုံးနေကြတော့ ရောဂါဝေဒနာကို တစ်ခုတည်းထင်နေကျတယ်၊ တကယ်တမ်းကျတော့ ရောဂါဝေဒနာတစ်ခုတည်း မဟုတ်ပါဘူး၊ ရောဂါဆိုတာကို သေချာနားလည်အောင် ပြောရင် ရုပ္ပတီတိ ရူပံ၊ ရုပ္ပတိ-နာတတ် ကျင်တတ် ကိုက်တတ် ခဲတတ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ရောဂေါ-ရောဂါမည်၏၊ ရောဂါဆိုတာက ဟောဒီ ခန္ဓာကိုယ်ကြီးမှာ နာတတ် ကျင်တတ် ကိုက်တတ် ခဲတတ်တဲ့ သဘောကို ဘာလို့ခေါ်?'

'ရောဂါလို့ခေါ်ပါတယ်ဘုရား'

'ရောဂါဆို ဲသဘောလေး ပြောလိုက်ပြီ၊ ဝေဒနာဆိုတာက ဝေဒယတီတိ ဝေဒနာ၊ ေဒယတိ - ခံစားတတ်၏၊ ဣတိတသ္မာ - ထို့ကြောင့်၊ ဝေဒနာ - ဝေဒနာမည်၏၊ ဝေဒနာဆိုတာ -

'နာတတ်တဲ့သဘောပါဘုရား'

'အဲဒီလိုဆိုရင် မိမိတို့တစ်တွေ ဒီသဘောလေးကို ရှေးဦးစွာ နားလည်

http://www.dhammadownload.com



သွားရင် ရောဂါနဲ့ဝေဒနာ ကွဲသွားတာပဲ၊ ငါနဲ့ရုပ်လည်း ကွဲမယ် ငါနဲ့ဝေဒနာလည်းကွဲမယ်၊ ရုပ်ကလည်း ရုပ်အလုပ် လုပ်နေပါလား၊ ဝေဒနာကလည်း ဝေဒနာအလုပ်လုပ်နေပါလားလို့ ဒီသဘောလေးကိုရှင်းရင် ဘယ်လောက်ပဲ အိပ်ရာဖျာကပ် နှိပ်စက်ပြီးလဲနေပါစေ အဲဒီပုဂ္ဂိုလ် အော်ညည်းခြင်းက လွတ်သွားပြီ'

'မှန်လှပါဘုရား'

'အသေကောင်းလည်း သေရမယ်၊ အရိယာဘဝနဲ့လည်း ဖြတ်ကျော်ပြီးတော့ ဘဝကို တန်ဖိုးရှိရှိ အကျိုးရှိရှိနဲ့ အရယူသွားနိုင်ပြီဆိုရင် ကိုယ်ရဲ့ ယနေ့ သာသနာတော်နဲ့ဆုံပြီး ဒီတရားမျိုးတွေ နာရတာ ဘဝမှာ တန်ဖိုးအရှိဆုံး ဆိုရင်ကော လွဲစရာရှိလား?'

'မရှိပါဘူးဘုရား'

'ဒါဖြင့်ရောဂါနဲ့ဝေဒနာကို နှစ်ပုဒ်တော့ခွဲလိုက်ပြီ၊ ဟောဒီကိုယ်ပေါ်မှာ နာတာ ကျင်တာ ကိုက်တာ ခဲတာ ပူတာ အေးတာမှန်သမျှက ရောဂါ၊ ခံစားတာက'

'ဝေဒနာပါဘုရား'

'ဒီနှစ်ခုကို သဘောပေါက်ပြီး ကွဲအောင် ခုနတုန်းက ဖဂ္ဂုနလေး အော်နေရတယ်၊ ငါ့ခေါင်းကြီး ထိုးလိုက်တာ ငါ့ခေါင်းကြီး တင်းလိုက်တာ မအော်ဘူးလား?'

'အော်ပါတယ်ဘုရား'

'မိမိတို့လည်း ခေါင်းကိုက်ရင် မအော်ဘူးလား?'

'အော်ပါတယ်ဘုရား'

'ဒီလိုဆိုရင် ရှေးဦးစွာ သိနိုင်ဖို့အတွက် -

"ကိုယ့်နှင့်ခန္ဓာ၊ ခွဲခြား၍သိတာ၊

ဉာဏ်တပရိညာ၊ သစ္စာဉာဏ်ပါ"

'အခုရှေးဦးစွာ နားလည်ရမှာက ကိုယ်နဲ့ခန္ဓာ၊ ပြောလိုက်ပါ'

'ကိုယ်နဲ့ခန္ဓာပါဘုရား'

http://www.dhammadownload.com



'အခုလိုနာကြားမှု သင်ယူမှုနဲ့သိရတဲ့ ဉာတပရိညာအပိုင်းကိုလည်း ရှေးဦးစွာပိုင်ထားဦးမှ၊ ဒါကိုမှမပိုင်ဘဲနဲ့တော့ တစ်ဆင့်ကျော်ရင် ဒီပုဂ္ဂိုလ် အောက်ခြေမခိုင်တော့ ဘယ်တော့မှ အထက်ကို ဘယ်လောက်ပဲတက်တက် မြင့်အောင် မြင့်အောင်တက်လေ အောက်ခြေမခိုင်ရင် ပြုတ်ကျမယ့် အနေ အထားဟာ မသေချာဘူးလား?'

'သေချာပါတယ်ဘုရား'

'ဒါဖြင့် အောက်ခြေခိုင်အောင်လို့ အခုပြောပြီ၊ တရားဓမ္မတွေ အပေါ်မှာ နှလုံးသွင်းမှန်ပြီးတော့ အရှိတရားကို ဦးစွာကြည့်နိုင်ဖို့ ခေါင်းမှာ ထိုးတယ်လို့ ပထမဆုံး စတင်ပြီးပြခဲ့တဲ့ သာဓကလေး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဖဂ္ဂုနလေးရဲ့ခေါင်းမှာ ဆူးချွန်တွေနဲ့ ထိုးနေသလိုမျိုး တစစ်စစ်နဲ့ နှိပ်စက်တဲ့ဒုက္ခကြီး သူ့ခေါင်းမှာ မခံရဘူးလား'

'ခံရပါတယ်ဘုရား'

'ခေါင်းထိုးတယ် ပြောလိုက်ပါ'

'ခေါင်းထိုးပါတယ်ဘုရား'

'ခေါင်းထိုးတယ်ဆိုတော့ ငါခေါင်းကြီးထိုးတယ်လို့ သူ မညည်းဘူး လား?'

'ညည်းပါတယ်ဘုရား'

'အဲဒီခေါင်းထိုးတဲ့နေရာမှာ ကိုယ်နဲ့ခန္ဓာ မခွဲတတ်တဲ့အတွက်ကြောင့် မို့လို့ ငါ့ခေါင်းကြီးထိုးတယ်ဆိုတော့ အဲဒီပုဂ္ဂိုလ်မှာ ခေါင်းဆိုတဲ့အစွဲကြီးက ဖျောက်လို့ မရဘူး'

'မှန်လှပါဘုရား'

'ငါ့ခေါင်းထိုးတယ်ဆိုတော့ တစ်ခါ ငါမခံနိုင်ဘူးဆိုတာ မပေါ်ဘူး လား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဟော-မခံနိုင်တဲ့ အရာလေးပေါ်မှာ ခံစားမှုကိုသွားပြီး ငါကပ်နေပြန်ပြီ'

'မှန်လှပါဘုရား'

'ရှေ့ပိုင်းမှာလည်း ငါ့ခေါင်းကြီးထိုးတယ်ဆိုတော့လည်း အဲဒီခေါင်းပေါ်မှာ အာရုံပြုပြီးတော့မှ နာတဲ့ ဖောက်ပြန်မှု ရုပ်တရားအပေါ်မှာလည်း ငါသွားလုပ်တော့ ဒီပုဂ္ဂိုလ် ငါတွေရှုပ်တဲ့အတွက် အော်နေရတယ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'ဘယ်သူဝင်ရှုပ်လို့?'

'ငါဝင်ရှုပ်လို့ပါဘုရား'

'ကိုယ်နဲ့ခန္ဓာ စတင်ခွဲမယ်၊ ခွဲလိုက်တဲ့အခါမှာ ကိုယ်ဆိုတာက မိမိတို့ရဲ့ ဟောဒီ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်နဲ့ ပုံသဏ္ဌာန် အထည်တွေနဲ့ပြနေတဲ့ ပညတ်သဘောလေး မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ထိုးတယ်ဆိုတဲ့သဘောလေးက ပုံသဏ္ဌာန် အထည် မပါဘူးနော်?'

'မှန်လှပါဘုရား'

'အဲဒီထိုးမှုလေးသည် မျက်လုံးနဲ့မြင်လား မေးရင်လည်း'

'မမြင်ပါဘူးဘုရား'

'မသိတော့ မသိရဘူးလား?'

'သိရပါတယ်ဘုရား'

'ဒါဖြင့် ဒီထိုးတယ်ဆိုတဲ့သဘောလေးကတော့ ခန္ဓာလို့မှတ်ထား'

'မှန်လှပါဘုရား'

'ခေါင်းက'

'ကိုယ်ပါဘုရား'

'ထိုးတာလေးက'

'ခန္ဓာပါဘုရား'

http://www.dhammadownload.com



'ကိုယ်နဲ့ခန္ဓာ အခု ခွဲပြီနော်?'

'မှန်လှပါဘုရား'

'ခေါင်းဆိုတဲ့အရာကကိုယ် ထိုးသဘောလေးက'

'ခန္ဓာပါဘုရား'

'မိမိတို့က ခေါင်းဆိုတဲ့နေရာမှာ ထိုးတာလေးကို ပြနေပေမယ့် ငါ့ခေါင်းကြီး ထိုးတယ်လို့ အဲဒီမရှိတဲ့ခေါင်းကို အာရုံပြုပြီးတော့ ထိုးနေတဲ့ ဖောက်ပြန်တဲ့ ရုပ်တရားပေါ်မှာ ငါသွားပြီး ရောလိုက်တော့ ငါမခံနိုင်ဘူး ဆိုတဲ့ တစ်ဖက်ခံစားမှုလေးကော မလိုက်ဘူးလား?'

'လိုက်ပါတယ်ဘုရား'

'သေချာအာရုံပြုနော်'

'မှန်လှပါဘုရား'

'အခု ခေါင်းကြီးထိုးတယ်လို့ ပြောလိုက်တဲ့နေရာမှာ ခေါင်းဆိုတာကို ရှာကြည့်ရအောင်၊ ခေါင်းဆိုတာက အထည်ပညတ်နော်'

'မှန်လှပါဘုရား'

'အဲဒီ ခေါင်းဆိုတာကြီးက မိမိရဲ့လည်ပင်းအထက်ကရှိနေတဲ့အရာကို ခေါင်းလို့မခေါ်ဘူးလား?'

'ခေါ်ပါတယ်ဘုရား'

'အဲဒီခေါင်းပိုင်းကြီးက နားရွက်ကြီးက ခေါင်းလား?'

'မဟုတ်ပါဘူးဘုရား'

'မျက်လုံးလေးက ခေါင်းလား?'

'မဟုတ်ပါဘူးဘုရား'

'နဖူးက ခေါင်းလား?'

'မဟုတ်ပါဘူးဘုရား'

'အပေါ်ကဆံပင်တွေ အုပ်ထားတာ ခေါင်းလား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'ခေါင်းက ဘယ်ဟာလဲ?'

'မသိပါဘူးဘုရား'

'ပညတ်ဆိုတဲ့ သဘောလေးကို နားလည်အောင် ပြောချင်ပါတယ်၊ ရှာလေရှာလေ မတွေ့လေ ပညတ်ရဲ့သဘော၊ ပညတ်ဆိုတာသည် ရှာလေရှာလေ မတွေ့လေ ပြောလိုက်ပါ'

'ရှာလေရှာလေ မတွေ့လေပါဘုရား'

'ရှာလေရှာလေ မတွေ့လေက ပညတ်၊ အဲဒီတော့ ဒါလေးကို ဘာလို့ ခေါ်လဲ?'

'လက်ညှိုးလို့ခေါ်ပါတယ်ဘုရား'

'လက်ညှိုးလို့ခေါ်တယ်ပေါ့နော်'

'မှန်လှပါဘုရား'

'လက်ညှိုးဆိုတာက အခုပြထားတဲ့ပုံသဏ္ဍာန် အထည်လေးကိုကြည့်ပြီး လက်ညှိုး၊ ဒါဖြင့်အပေါ်မှာ အုပ်ထားတဲ့ အရေပြားလေးကို လက်ညှိုးလို့ ခေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

'ဒီဘက်က လက်သည်းခွံလေးကို လက်ညှိုးလို့ခေါ်သလား?'

'မခေါ်ပါဘူးဘုရား'

'ဒါဖြင့်ရင် အရိုးကို လက်ညှိုးလို့ ခေါ်သလား?'

'မဟုတ်ပါဘူးဘုရား'

'အသားကို ခေါ်တာလား၊ အသွေးကိုခေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

'ဘယ်မှာလဲ လက်ညှိုး?'

'မရှိပါဘူးဘုရား'

'ရှိလားလိုက်ရှာကြည့်တာ တွေ့ကိုမတွေ့ဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ရှာလေ ရှာလေ မတွေ့တာ ပညတ်ပြောလိုက်ပါ'

'ရှာလေ ရှာလေ မတွေ့လေပါဘုရား'

'ဒါဖြင့်ရင် ပရမတ်သဘောဆိုတာက ရှာလေ ရှာလေ တွေ့လေ ပရမတ်သဘော ပြောလိုက်ပါ'

'ရှာလေတွေ့လေက ပရမတ်ပါဘုရား'

'အရှိတရားကတော့ ဘယ်အချိန်ကြည့်ကြည့် ရှိကိုရှိတယ်၊ မရှိတဲ့ ပညတ်ကတော့ ဘယ်နေရာရှာရှာ မတွေ့ဘူး၊ ဒါလေး ကွဲပါစေနော်'

'မှန်လှပါဘုရား'

'အဲဒီတော့ လက်ညှိုးဆိုတဲ့အရာကို ရှာလိုက်တာ မတွေ့ဘူး၊ ဒါဖြင့် အရေလေးတစ်ခု ပုံလိုက်တယ်၊ အသားလေးတစ်ခု ပုံလိုက်တယ်၊ အရိုးလေး တွေကို ပုံလိုက်တယ်၊ အဆစ်လေးတွေကိုပုံလိုက်တယ်၊ အဲဒီလို ပုံလိုက်ပြီးတော့ ဒါ လက်ညှိုးလားမေးတော့ ရှာမရဘူးနော်၊ အရေလေးကို သွားပြီးတော့ တို့ကြည့် ထိကြည့်ပါ၊ ဖောဋ္ဌဗ္ဗရဲ့သဘောလေးကြောင့် ပြပါလိမ့်မယ်၊ ပျော့ တယ်၊ မာတယ်၊ ပူတယ်၊ အေးတယ် တစ်မျိုးတစ်မျိုး ပေါ် မပေါ်'

'ပေါ်ပါတယ်ဘုရား'

'အသားလေးကကို သွားပြီးတော့များ ပုံထားတဲ့နေရာ သွားပြီးတော့ တို့ကြည့်ပါ၊ မာတယ် ပျော့တယ် ပူတယ် အေးတယ် ပေါ် မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'အရေလေးမှာလည်း ဒီသဘောကိန်းတယ်နော်၊ အသားမှာလည်း ဒီသဘောတွေ့ရမယ်'

'မှန်လှပါဘုရား'

'အရိုးမှာပြထားတဲ့ အပုံအစုပေါ်မှာ တို့ထိကြည့်စမ်းပါ မာတယ်၊ ပူတယ် သဘောတွေကိုလည်း မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ဒါဖြင့် ပရမတ်သဘောဆိုက ပုံသဏ္ဌာန်တွေ ဘယ်လောက်ပဲ ပြောင်း သွား ပြောင်းသွား သူ့အရှိတရားတွေကတော့ သေချာရှာကြည့်ရင် မပြဘူး

http://www.dhammadownload.com



လား ပြမှာလား?'

'ပြမှာပါဘုရား'

'ဒါဖြင့် ပရမတ်သည် ရှာလေ ရှာလေ'

'တွေ့လေပါဘုရား'

'ရှာလေ ရှာလေတွေ့တာက ဘယ်သူ့သဘော'

'ပရမတ်ရဲ့သဘောပါဘုရား'

'ရှာလေ ရှာလေမတွေ့တာက'

'ပညတ်ရဲ့သဘောပါဘုရား'

'ဒါကော ရှင်းသွားပြီလား?'

'ရှင်းပါပြီဘုရား'

'မိမိတို့ရဲ့ ဟောဒီခန္ဓာကိုယ်ကြီးမှာ (၃၂) မျိုးသော အရာနှင့် ဖွဲ့စည်းထားတဲ့သဘောနဲ့ ဒီပုံသဏ္ဌာန်ကို ယောကျ်ားဆိုတဲ့အရာ မိန်းမဆိုတဲ့အရာ ရှာကြည့် ပြန်တော့ (၃၂) မျိုး အစုအပုံပဲတွေ့ရတယ်၊ အဲဒီအစုအပုံလေးတွေကို တစ်ပုံချင်း တစ်ပုံချင်း လက်ညှိုးထိုး၊ ဒါယောကျ်ား ဒါ မိန်းမ ရှိပါ့မလား?'

'မရှိပါဘူးဘုရား'

'အဲဒါကတော့ ခေါင်းလေး၊ ဒါကတော့ နားရွက်လေးလို့ လိုက်ပြလို့ရပါ့မလား?'

'မရပါဘူးဘုရား'

'သို့သော် တူညီတဲ့အချက်လေးက အဲဒီ အစုအပုံလေးကို လိုက်တို့ပြီးထိကြည့် ကိုင်ကြည့် ပြကြည့်တော့ ဖောဋ္ဌဗ္ဗရဲ့သဘောနဲ့တွေ့ရင် ပူတဲ့သဘော အေးတဲ့သဘော မာတဲ့သဘော အစရှိသဖြင့် ဒီသဘောတွေကျတော့ အစုအပုံတိုင်းမှာ မတွေ့ဘူးလား?'

'တွေ့ပါတယ်ဘုရား'

'အရှိတရားက ဘယ်နားရှာရာ ရှိတယ်နော်၊ ပုံသဏ္ဌာန်ပြောင်းတိုင်း ပြောင်းတိုင်းမှာ ပညတ်က ပြောင်းသွားတယ် အမည်နာမပါ မပြောင်းဘူးလား၊ ပြောင်းသလား?'

'ပြောင်းပါတယ်ဘုရား'

http://www.dhammadownload.com



'အဲ-တစ်ခုထင်ရှားအောင် ပြောအုံးမယ်၊ မြေပြင်ပေါ်ကနေပေါက်တဲ့ သစ်ပင်ကို အကိုင်းအခက် အရွက်အလက် စုံတုန်းက သစ်ပင်မခေါ်ဘူးလား?'

'ခေါ်ပါတယ်ဘုရား'

'အဲဒီသစ်ပင်လေးကို တဖြည်းဖြည်း အောက်ခြေကနေ လှဲချလိုက်တယ်၊ လှဲပြီးတော့ အကိုင်း အခက် အရွက်တွေကို ရှင်းလိုက်ပြီ၊ ကဲ-သစ်ပင်ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'အကိုင်း အခက် အရွက် အလက်တွေနဲ့ အပင်တွေက မြေပြင်က ပေါက်တုန်းက သစ်ပင်လို့ မခေါ်ဘူးလား?'

'ခေါ်ပါတယ်ဘုရား'

'အဲဒီသစ်ပင်ကို အကိုင်း အခက် အရွက် အလက်တွေ ဖယ်ပြီးတော့မှ ဖြတ်ထားတဲ့အပိုင်းကို ကြည့်ပြီးတော့ သစ်ပင်ပုံသဏ္ဌာန် မတွေ့တော့ ပုံသဏ္ဌာန် ပြောင်းသွားတဲ့ အဲဒီအတုံးကြီးကို ဘာလို့ခေါ်?'

'သစ်တုံးလို့ ခေါ်ပါတယ်ဘုရား'

'သစ်ပင်လို့ ခေါ်သေးလား?'

'မခေါ်တော့ပါဘူးဘုရား'

'သစ်ပင်ပျောက်သွားပြီနော်'

'မှန်လှပါဘုရား'

'ဘာကြီးပေါ်လာ'

'သစ်တုံးကြီးပေါ်လာပါတယ်ဘုရား'

'ပုံသဏ္ဌာန်ကိုကြည့်ပြီး သတ်မှတ်နေတာ'

'မှန်လှပါဘုရား'

'အဲဒီသစ်တုံးကြီးကို ခွဲခြမ်းစိတ်ဖြာလိုက်တော့ ပျဉ်ချပ်ကြီးတွေ ပေါ်လာပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သစ်တုံးပေါ်သေးလား?'

'မပေါ်တော့ပါဘူးဘုရား'

'ပုံသဏ္ဌာန်လေးတွေမှာ အမည်လေးတွေ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အသစ်အသစ်ပုံသဏ္ဌာန်လေးတွေမှာ အမည်လေးတွေပါတယ်နော်?'

'ပါပါတယ်ဘုရား'

'အဲဒီပျဉ်ချပ်ကနေ အခုရှေ့မှာ မိမိတွေ့နေရတဲ့ ပုံသဏ္ဌာန်ရှိတဲ့ ဒီစားပွဲလေးကို ပြလိုက်ပြီ၊ ဆက်ပြီးတော့ ပြလိုက်တော့ ပျဉ်ချပ်ခေါ်လား?'

'မခေါ်ပါဘူးဘုရား'

'ဒါ သတ်မှတ်ချက်ပဲနော်'

'မှန်လှပါဘုရား'

'အဲဒီစားပွဲသည် ပျဉ်ချပ်ကိုခေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

'ရိုက်ထားတဲ့သံကိုခေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

'ထောက်ထားတဲ့ ဒေါက်ကိုခေါ်တာလား'

'ဟုတ်ပါဘူးဘုရား'

'ပုံသဏ္ဌာန် လိုက်ကြည့်နေတာ ရှိလားမေးတော့?'

'မရှိပါဘူးဘုရား'

'ကဲ သစ်ပင်ကို မြေပြင်က ပေါက်တုန်းက အကိုင်း အခက် အရွက်နဲ့ ရှိနေတဲ့ သစ်ပင်ကြီး သွားကိုင်ကြည့် ကြမ်းတယ် မာတယ်မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ကဲ-ကြမ်းသဘော မာသဘောရဲ့အတွေ့ကျတော့ ပုံသဏ္ဌာန်ပါသလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'အဲဒီသဘောလေးက မရှိဘူးလားမေးတော့'

'ရှိပါတယ်ဘုရား'

မျက်လုံးနဲ့မြင်ရလား

'မမြင်ရပါဘူးဘုရား'

'ပုံသဏ္ဍာန်တွေ ဘယ်လောက်ပြောင်းပြောင်း သူ့အရှိကျတော့ မပြ ဘူးလား?'

'ပြပါတယ်ဘုရား'

'ရှာလေ ရှာလေ တွေ့တာက ဘယ်သူ့သဘော?'

'ပရမတ်ရဲ့သဘောပါဘုရား'

'ရှာလေ ရှာလေ မတွေ့တာက ဘယ်သူ့သဘော?'

'ပညတ်ရဲ့သဘောပါဘုရား'

'မရှိတဲ့သဘောက ရှာလည်း မတွေ့ပါဘူးနော်?'

'မှန်လှပါဘုရား'

'ရှိတဲ့သဘောကျတော့'

'တွေ့ရပါတယ်ဘုရား'

'အခုလည်းပဲ ကိုယ်နဲ့ခန္ဓာကို ခွဲခြားသိရင် အရှိတွေ့ပြီ'

'မှန်လှပါဘုရား'

'ကိုယ်နဲ့ခန္ဓာကို ခွဲခြားမသိရင် ဘယ်လောက်ပဲရှိတာပြပြ မတွေ့ဘူးနော်'

'မှန်လှပါဘုရား'

'အဲဒီပုဂ္ဂိုလ် အော်ရမယ်လို့မှတ်ပါ'

'မှန်လှပါဘုရား'

'ထိုးသဘောလေးက'

'ခန္ဓာပါဘုရား'

'ဒါဖြင့်ရင် ခေါင်းထိုးတဲ့နေရာမှာ ထိုးတာသည် ငါလား ဖောက်ပြန် တာလား?'

'ဖောက်ပြန်တာပါဘုရား'

http://www.dhammadownload.com



'ငါပါလား?'

'မပါပါဘူးဘုရား'

'ဖောက်ပြန်တဲ့ ရုပ်တရားနော်'

'မှန်လှပါဘုရား'

'အဲဒီလို သိလိုက်ပြီဆိုရင် ခန္ဓာကို မြင်သွားတဲ့ပုဂ္ဂိုလ် ငါပြုတ်သွားပြီ'

'မှန်လှပါဘုရား'

'ခေါင်းကောပါသေးလား?'

'မပါပါဘူးဘုရား'

'ခန္ဓာဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ခန္ဓာဆိုတာက အရှိတရား၊ ဖောက်ပြန်နေတဲ့ ရုပ်အမှုအရာ ဒီသဘောလေးသည်ပင် ငါလည်းမဟုတ် သူလည်းမဟုတ် ပုဂ္ဂိုလ်သတ္တဝါ မဟုတ် အထည် မပါတဲ့သဘော၊ ဒီသဘောလေးသည်ပင် ဖောက်ပြန်ပြနေတဲ့ ရုပ်တရားလို့ ဟောထားတဲ့အတိုင်း ခန္ဓာလေးကိုဉာဏ်ရောက်ရင် ခန္ဓာသည် ဒုက္ခသစ္စာ၊ ဒီလိုဆိုရင် ဉာတပရိညာကနေ တစ်ဆင့်သိခွင့်ရတဲ့ ကိုယ်နဲ့ခန္ဓာ ကွဲသွားရင် ခန္ဓာပေါ်မှာ ဉာဏ်ရောက်တဲ့ပုဂ္ဂိုလ် သစ္စာသိတဲ့ဉာဏ် ကိန်း မကိန်း?'

'ကိန်းသွားပါတယ်ဘုရား'

'ဘယ်လောက် တန်ဖိုးရှိလဲနော်၊ ဒီအထိကော ရှင်းလား?'

'ရှင်းပါတယ်ဘုရား'

'သေချာဟောပြီ၊ မရှင်းမှာတော့ စိုးရိမ်ပါတယ်'

'မှန်လှပါဘုရား'

'ကိုယ်နဲ့ခန္ဓာ ခွဲခြားပြလိုက်ပြီ၊ ခေါင်းထိုးတယ်ဆိုရင် ယနေ့ သူတော်စင်များက ခေါင်းကြီးကိုင်ပြီး ညည်းနေကြတယ်၊ ခေါင်းကြည့်ရမှာလား ထိုးသဘော ကြည့်ရမှာလား?'

'ထိုးသဘောကြည့်ရမှာပါဘုရား'

http://www.dhammadownload.com



'ထိုးသဘောနော်'

'မှန်လှပါဘုရား'

'အဲဒီအပေါ်မှာ ငါ့ခေါင်းကြီးထိုးတယ်လို့ သွားပြီးတော့လုပ်နေတဲ့ အတွက်ကြောင့်မို့လို့ ငါဆိုတဲ့ဒိဋ္ဌိကပ်သွားပြီ၊ ဒိဋ္ဌိကပ်တဲ့အတွက်ကြောင့်မို့လို့ ငါမခံနိုင်ဘူးဆိုတော့ ဟောဒီဘက်မှာ အားလုံးမခံနိုင်တဲ့ သဘောလေးကို ငါကော မလုပ်လိုက်ဘူးလား?'

'လုပ်လိုက်ပါတယ်ဘုရား'

'မခံနိုင်ဘူးဆိုတာက ဟောဒီအာရုံကိုပြုပြီး ခံစားတာနော်'

'မှန်လှပါဘုရား'

'မခံနိုင်ဘူးလို့ သတ်မှတ်ပေးတာက သညာကသတ်မှတ်ပေးတာ'

'မှန်လှပါဘုရား'

'ခံစားတာက ဘယ်သူက ခံစားတာ'

'ဝေဒနာက ခံစားတာပါဘုရား'

'ဒါဖြင့် ခံစားတာကဝေဒနာ ဒီဘက်က ဖောက်ပြန်နေတာက ခန္ဓာ၊ ခန္ဓာသည်ပင် တခြားလား ရောဂါလား?'

'ရောဂါပါဘုရား'

'ရောဂါဆိုတာက ဝေဒနာလား ရုပ်လား?'

'ရုပ်ပါဘုရား'

'ကွဲသွားပြီနော်'

'မှန်လှပါဘုရား'

'ရောဂါဆိုတဲ့သဘောသည်ရုပ်၊ ဟောဒီခံစားတာက ဝေဒနာ၊ ဒါဖြင့် ရောဂါနဲ့ ခန္ဓာတွဲသုံးနေပေမယ့် သေချာမှ သဘောမပေါက်ရင် ရောဂါကို ဝေဒနာလုပ်မှာပဲ'

'မှန်လှပါဘုရား'

'ဝေဒနာကိုလည်း ရောဂါဖြစ်မှာပဲ၊ ရောဂါနဲ့ဝေဒနာ ကွဲမသွားဘူးလား?'

'ကွဲသွားပါတယ်ဘုရား'

http://www.dhammadownload.com



'ခေါင်းထိုးတယ်ဆိုတဲ့နေရာမှာ ခေါင်းကြီးက ထိုးတာလား ရုပ်ဖောက်ပြန်တာလား?'

'ရုပ်ဖောက်ပြန်တာပါဘုရား'

'ဖောက်ပြန်တဲ့ရုပ်တရား ထိုးမှုလေးသည်ပင် တခြားလား ရောဂါလား?'

'ရောဂါပါဘုရား'

'ကဲ-ဖောက်ပြန်တဲ့ရောဂါ ဟောဒီမှာ နှိပ်စက်နေတဲ့တရား ငါပါလား?'

'မပါပါဘူးဘုရား'

'ဟော သူ့ကို ဆိုင်းဘုတ်လေး ဆွဲပေးလိုက်တယ် ငါလား၊ ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ရုပ်တရားအရှိကို ပြသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီ ထိုးမှုလေးပြတိုင်း ပြတိုင်းမှာ ဝေဒနာကြီး မခံနိုင်ဘူးလို့ ဘယ်သူက ခံစား?'

'ဝေဒနာက ခံစားတာပါဘုရား'

'အဲဒါကို ငါမခံနိုင်ဘူးလို့ သွားပြောတော့ ငါဖြစ်သွားတယ်နော်၊ ငါသွား ရောတဲ့အတွက်ကြောင့် ငါမခံနိုင်ဘူးဆိုတော့ ဒီကိုယ်တော်လေး လှိမ့်ပြီး ညည်းနေရတာပေါ့'

'မှန်လှပါဘုရား'

'ဘုရားရှင်က ပြောလိုက်ပြီ၊ ငါနဲ့ဝေဒနာ မရောစေနဲ့ ပြောလိုက်ပါ'

'ငါနဲ့ ဝေဒနာ မရောစေနဲ့ပါဘုရား'

'ငါနဲ့ဝေဒနာ မရောစေနဲ့ဆိုတော့ အခုဒီဘက်က ခေါင်းထိုးတယ်၊ ကိုယ်နဲ့ခန္ဓာ ခွဲလိုက်တဲ့အတွက်ကြောင့် ခေါင်းဆိုတာက ပညတ် ထိုးတာက ခန္ဓာ၊ ဒါဖြင့်ခန္ဓာလေးပေါ်မှာ ဉာဏ်ရောက်ရင် ငါပါလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'ထိုးမှုလေးတစ်ခုပေါ်ရင် ခံစားမှုလေးပါမပါ'

'ပါပါတယ်ဘုရား'

'အဲဒီခံစားမှုကလည်း ဘယ်သူခံစား?'

'ဝေဒနာကခံစားတာပါဘုရား'

'ဝေဒနာ ခံစားတာလို့သိရင် ငါပါလား?'

'မပါပါဘူးဘုရား'

'ဖောက်ပြန်တဲ့ ထိုးမှုမှာလည်း ငါမပါ၊ ဒီဘက်မှာ ခံစားတဲ့ဝေဒနာမှာလည်း ငါမပါ၊ ငါမပါ အရှိတရားလေး သိသွားတဲ့အတွက် ဒိဋ္ဌိပြုတ်သွားတယ်'

'မှန်လှပါဘုရား'

'ဒိဋ္ဌိပြုတ်သွားတော့ ငါမခံနိုင်ဘူးဆိုတော့ ငါ့ရဲ့သန္တာန်မှာ မခံသာမှုရဲ့နောက်ဆိုတဲ့ ဒေါသကော လိုက်သေးလား?'

'မလိုက်ပါဘူးဘုရား'

'ဒီလိုဆိုရင် ပဋိစ္စသမုပ္ပါဒ်ကို ပြန်ပြီး ကြည့်ကြအုံးစို့ဆိုရင် သံသရာမှာလည်ခဲ့ရတာကိုကြည့်ရင် ဝဋ်သုံးပါး၊ ဝဋ်ဘယ်နှစ်ပါးလဲမေးရင်'

'သုံးပါးပါဘုရား'

'ဝဋ်သုံးပါးလည်ပုံလေးကိုကြည့်ရင် အတိတ်တုန်းက မိမိတို့ လုပ်ခဲ့တဲ့နေရာမှာ ကိလေသဝဋ်၊ ကမ္မဝဋ် ပြောလိုက်'

'ကိလေသဝဋ်၊ ကမ္မဝဋ်ပါဘုရား'

'အကြောင်းဘယ်နှစ်ပါးကြောင့် ဟောဒီပစ္စုပ္ပန်မှာ ဝိပါကဝဋ်ခန္ဓာရမထားဘူးလား'

'ရထားပါတယ်ဘုရား'

'ဝိပါကဝဋ်ခန္ဓာ ဒါဖြင့် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ဝဋ်ဘယ်နှစ်ပါးလည်လိုက်သလဲ?'

'သုံးပါးလည်လိုက်ပါတယ်ဘုရား'

'အဲဒီ ဝိပါကဝဋ်ဒုက္ခ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

http://www.dhammadownload.com



'ဒုက္ခသစ္စာလို့မသိတဲ့အတွက်ကြောင့်မို့လို့ ဟောဒီခန္ဓာကြီးကို မခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'ခင်တာက'

'တဏှာပါဘုရား'

'စွဲလမ်းတာက'

'ဥပါဒါန်ပါဘုရား'

'ဒီလိုဆိုရင် ဒီခန္ဓာ ဝိပါကဝဋ်ကောင်ကြီးကို မိမိတို့က ဒုက္ခလို့ မသိလိုက်တဲ့အတွက်ကြောင့် ခင်လိုက်ပြီဆိုရင် အဲဒီ ခင်မင်မှုတဏှာသည်ပင် ကိလေသဝဋ် ပြန်ဖြစ်သွားပြီ'

'မှန်လှပါဘုရား'

'ကိလေသဝဋ် ပြန်ဖြစ်ရင် ကြိုးစားတဲ့ကံတွေလာရင် ကမ္မဝဋ်ကော မပေါ်ဘူးလား'

'ပေါ်ပါတယ်ဘုရား'

'ကံ-အကျိုးပေးတာ တခြားလား ဝိပါကဝဋ်လား?'

'ဝိပါကဝဋ်ပါဘုရား'

'ဝဋ်ဘယ်နှစ်ပါးလည်အုံးမှာ?'

'သုံးပါး လည်အုံးမှာပါဘုရား'

'ဒီလိုနဲ့ သံသရာထဲမှာ ဝဋ်လည်ခဲ့ရတဲ့ဘဝဟာ ဘာကြောင့်လဲ မေးရင်-

**"ဝဋ်သုံးပါးမှ မလွတ်ရ၊ ချည်က သံယောဇဉ်"**

'မိမိတို့ ဝဋ်သုံးပါးလည်ပြီးတော့မှ သံသရာထဲမှာ ဒုက္ခစက်ကြီးလှည့်နေ တာက ဒီဒုက္ခထဲက မလွတ်နိုင်တာသည် တခြားကြောင့်မဟုတ်ဘူး သံယောဇဉ် တွေချည်ထားလို့ ဘာတွေချည်ထားလို့?'

'သံယောဇဉ်တွေ ချည်ထားလို့ပါဘုရား'

'အခု ခေါင်းထိုးတယ်ဆိုတဲ့ ဖောက်ပြန်မှုရုပ်တရားကပြတာ၊ ငါသွား

http://www.dhammadownload.com



လုပ်တော့ ဖောက်ပြန်တဲ့ရုပ်တရားကို သူမမြင်ရှာဘူး'

'မှန်လှပါဘုရား'

'ခံစားတာက ဝေဒနာ၊ သူ့အလုပ်သူလုပ်တာကို ဉာဏ်မရောက်တဲ့ အတွက် ငါမခံနိုင်ဘူးဆိုတော့ ဝေဒနာကို ငါမလုပ်ထားဘူးလား?'

'လုပ်ထားပါတယ်ဘုရား'

'ငါလုပ်ထားခြင်းအားဖြင့် ငါအော်နေရတာပေါ့၊ ပြနေတဲ့ ဖောက်ပြန်မှုက ရုပ်တရား၊ ခံစားမှုဝေဒနာသည် ဝိပါကဝဋ်'

'မှန်လှပါဘုရား'

'အဲဒီ ဝိပါကဝဋ်ခန္ဓာဒုက္ခကြီး ပြတာကို မသိအောင် အဝိဇ္ဇာကဖုံးထား တဲ့ အတွက်ကြောင့်မို့လို့ ငါ့ခေါင်းကထိုးတယ်ဆိုတော့ ဒိဋ္ဌိသံယောဇဉ်ချည်ပြီး ငါမခံနိုင်ဘူးဆိုတော့လည်း ဝေဒနာပေါ်မှာ ငါလုပ်တဲ့အတွက် ဘာသံယောဇဉ် ချည်?'

'ဒိဋ္ဌိသံယောဇဉ် ချည်ပါတယ်ဘုရား'

'ဒိဋ္ဌိသံယောဇဉ်ချည်လိုက်တဲ့အခါမှာ ဟောဒီခံနေရတဲ့နေရာမှာ ဒီကိုယ်ကြီး သက်သာချင်တဲ့တဏှာကော မလာဘူးလား?'

'လာပါတယ်ဘုရား'

'ကာမရာဂ သံယောဇဉ်ကြိုးကလည်း အလွတ်မပေးဘူး'

'မှန်လှပါဘုရား'

'ဒီလိုဆို အဝိဇ္ဇာသံယောဇဉ်ကြိုးကလည်း အမှောင်ဖုံးထားတော့ မမြင်တဲ့အတွက် အချည်မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'အဲဒါ ကိလေသဝဋ် ဟောဒီ ဝိပါကဝဋ်ထဲက ပြန်ပေါ်နေတာ'

'မှန်လှပါဘုရား'

'ကိုယ်နဲ့ခန္ဓာကိုမသိ ရောဂါနဲ့ ဝေဒနာကိုလည်း နားမလည်တဲ့အတွက် ကြောင့်မို့လို့ အဲဒီအချိန်မှာ အော်ညည်းနေရတာသည် ဘာတွေချည်ထား

http://www.dhammadownload.com



တုန်းလို့မေးရင်'

'သံယောဇဉ်ကြိုး ချည်ထားလို့ပါဘုရား'

'ဘာချည်ထားလို့?'

'သံယောဇဉ်ကြိုးပါဘုရား'

'ဒါဖြင့် ဖဂ္ဂုနလေး ဘုရားနဲ့မတွေ့ခင်တုန်းက အော်ညည်းနေရတာ သည် အချည်ခံရလို့ပေါ့'

'မှန်လှပါဘုရား'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ငါနဲ့ဝေဒနာ မရောစေနဲ့၊ ဒါလေး ပြောသွားပြီနော်'

'မှန်လှပါဘုရား'

'အဲဒီတစ်ချက်သည်ပင် သံယောဇဉ်မှန်သမျှကို ဖြတ်ပြီးသားပဲ၊ ဒီကြိုး တွေကို ဖြတ်သလို အမှန်ရှိတဲ့တရားတွေကို သိသွားတဲ့အတွက်ကြောင့် ဘယ်လောက်ငြိမ်းချမ်းတယ်ဆိုတာ နောက်ပိုင်းပေါ်တော့မှာပါ?'

'မှန်လှပါဘုရား'

'အခု သံယောဇဉ်တွေ အချည်ခံထားရတာကို ပြန်ကြည့်လိုက်ရင် ကိုယ်နဲ့ခန္ဓာ မကွဲရင်လည်း အချည်ခံထားရမယ်၊ ဝေဒနာအပေါ်မှာ ငါသွား လုပ်ရင်လည်း'

'အချည်ခံရမှာပါဘုရား'

'ဪ-ဒိဋ္ဌိသံယောဇဉ်က ချည်လိုက်၊ အမှန်မသိတဲ့အဝိဇ္ဇာ သံယောဇဉ် က ချည်လိုက်၊ ဒီအပေါ်မှာ မခံမရပ်နိုင်ဖြစ်တဲ့အတွက်ကြောင့် ပဋိဃ သံယောဇဉ်က ချည်လိုက်၊ ဒီသံယောဇဉ်ကြိုးတွေ ချည်နေတာသည်ပင် ပုထုဇဉ်ရဲ့သန္တာန်မှာ အမြဲရစ်ပတ်ထားပါတယ်'

'မှန်လှပါဘုရား'

'သေပေါက်သေဝရောက်ရင်လည်း ဒီကြိုးတွေချည်ထားရင် ကိုယ်က အဲဒီချည်ရက်ကြီးနဲ့ သေသွားခဲ့ရင် အပါယ်မှတစ်ပါး သွားစရာမရှိပြန်ဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သေခါနီးမှ ကြိုးချည်ပြီးသေမှာလား ဖြတ်ပြီး သေမှာလား?'

'ဖြတ်ပြီးသေမှာပါဘုရား'

'သေခြင်းကတော့ အဲဒီအတိုင်းပေါ့နော်'

'မှန်လှပါဘုရား'

'အချည်ခံပြီးသေမယ်ဆိုရင် ကိုယ်ကျိုးနည်းမှာစိုးလို့ ပြောနေတာ'

'မှန်လှပါဘုရား'

'ဝဋ်သုံးပါးလည်နေရတာ ဘာဖြစ်လို့?'

'သံယောဇဉ်အချည်ခံရလို့ပါဘုရား'

'ဒါဖြင့်ရင် သံယောဇဉ် အချည်ခံရတယ်ဆိုတာ ရှေးဦးစွာကွဲအောင်လို့ အနည်းငယ်လေး ပြောအုံးမယ်'

'မှန်လှပါဘုရား'

'ဒါမှလည်း မြင်မှာကိုး'

'မှန်လှပါဘုရား'

'မိမိ သံယောဇဉ်ချည်တယ် ချည်တယ်ဆိုတာက ဘာကြောင့်လဲ မေးတော့ ဘုရားရှင်ရဲ့သဘော အမှန်ဟောထားတဲ့တရားတွေကို အရှင်သာရိပုတ္တရာ၊ ရှင်ကောဋ္ဌိကမထေရ်နှစ်ပါးက အများသူငါတွေ နားလည်အောင်ဆိုပြီး အမေးလေးတစ်ခုထုတ်သွားတယ်၊ ရှင်သာရိပုတ္တရာက ငါ့ရှင်ကောဋ္ဌိက၊ မျက်လုံးနဲ့ အဆင်းလေး ဆုံတိုင်း ဆုံတိုင်းမှာ သံယောဇဉ်ဖြစ်ကြတယ်၊ နားနဲ့ အသံနဲ့ တိုက်တိုင်းတိုက်တိုင်းမှာ သံယောဇဉ်ဖြစ်ကြတယ်၊ မဖြစ်ကြဘူးလား?'

'ဖြစ်ကြပါတယ်ဘုရား'

'အဲဒီလိုဖြစ်ကြတဲ့အတွက်ကြောင့်မို့လို့ မေးလိုက်ပါတယ်၊ ဟောဒီ မျက်လုံးလေး ဖွင့်လိုက်လို့ သူများရဲ့ ရူပါရုံမြင်တိုင်းမြင်တိုင်းမှာ နှစ်သက်တယ်ဆိုတဲ့ တဏှာလေးရဲ့ သံယောဇဉ်ချည်နှောင်မှုကို ခံနေကြရတဲ့သတ္တဝါတွေ သံယောဇဉ် ဖြစ်တယ်လို့ မဆိုထားဘူးလား?'

'ဆိုထားပါတယ်ဘုရား'

'ဆိုထားပြီနော်၊ ဒီလိုဆိုရင် မျက်စိသည် အဆင်းရဲ့သံယောဇဉ်လား၊

http://www.dhammadownload.com



အဆင်းသည်မျက်စိရဲ့ သံယောဇဉ်လားလို့ မေးလိုက်တယ်နော်'

'မှန်လှပါဘုရား'

'မိမိတို့ မျက်လုံးလေးက ကိုယ့်ရဲ့မွေးထားတဲ့ သားသမီးသော်လည်းကောင်း၊ ကိုယ့်ရဲ့ ဇနီးမယား ခင်ပွန်း ယောကျ်ားသော်လည်းကောင်း၊ တစ်ယောက်နဲ့တစ်ယောက်ကြည့်ရင် မမြင်ကြဘူးလား?'

'မြင်ကြပါတယ်ဘုရား'

'မြင်တိုင်း မြင်တိုင်း သံယောဇဉ် ဖြတ်လား ပတ်လား?'

'ပတ်ပါတယ်ဘုရား'

'မမြင်ရင်'

'မပတ်ပါဘူးဘုရား'

'မှိတ်ထားလိုက်ပေါ့ မြင်ရင်တော့ ပတ်တယ်ပေါ့နော်'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် ကိုယ့်မျက်စိက မြင်ရတဲ့ သားသမီးအာရုံကို ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်းမှာ သံယောဇဉ်ဖြစ်တယ်ဆိုတော့ မြင်စရာ သားသမီးအာရုံအဆင်းကပဲ မျက်လုံးရဲ့သံယောဇဉ်လား?'

'မဟုတ်ပါဘူးဘုရား'

'ဒါဖြင့် ကိုယ့်မျက်လုံးသည်ပင် အဲဒီအဆင်းရဲ့ သံယောဇဉ်လား?'

'မဟုတ်ပါဘူးဘုရား'

'သံယောဇဉ်တော့ မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ဒီမျက်လုံးမှာ သံယောဇဉ်ပါသလား?'

'မပါပါဘူးဘုရား'

'ချစ်စရာကောင်းတဲ့ သားသမီး ဇနီးမယား ခင်ပွန်းနဲ့ ယောကျ်ားမှာကော သံယောဇဉ်ပါလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'ဘာလို့ ဖြတ်မရတာလဲ မြင်လိုက်တာနဲ့တွယ်ပြန်ပြီ'

'မှန်လှပါဘုရား'

'မတွယ်ဘူးလား တွယ်လား?'

'တွယ်ပါတယ်ဘုရား'

'ဒါဖြင့် မျက်လုံးထဲမှာ သံယောဇဉ် မပါဘူးနော်၊ ဟိုဘက်က အဆင်းမှာလည်း သံယောဇဉ်'

'မပါပါဘူးဘုရား'

'ဒါပေမယ့် မဖြစ်ဘူးလား ဖြစ်နေလား?'

'ဖြစ်နေပါတယ်ဘုရား'

'အဲဒီလို ဖြစ်နေရတာ ဘာကြောင့်လဲလို့မေးတာ?'

'မှန်လှပါဘုရား'

'အဆင်းသည် မျက်စိရဲ့ သံယောဇဉ်လား၊ မျက်စိသည် အဆင်းရဲ့ သံယောဇဉ်လားလို့မေးတယ်၊ နားသည်အသံရဲ့ သံယောဇဉ်လား အသံသည် နားရဲ့ သံယောဇဉ်လားလို့မေးတယ်၊ အဲဒီလိုမေးတဲ့အခါမှာ ခြောက်ခုဆိုတော့ ခြောက်မျိုး မေးသွားတာပေါ့'

'မှန်လှပါဘုရား'

'အနံ့သည် နှာခေါင်းရဲ့ သံယောဇဉ်လား၊ နှာခေါင်းသည် အနံ့ရဲ့ သံယောဇဉ်လား အပြန်အလှန်မေးတာ၊ လျှာသည် အရသာရဲ့ သံယောဇဉ်လား အရသာသည် လျှာရဲ့ သံယောဇဉ်လား၊ ကိုယ်သည် တွေ့ထိစရာရဲ့ သံယောဇဉ်လား၊ တွေ့ထိစရာသည် ကိုယ်ရဲ့သံယောဇဉ်လား၊ ကြံတွေးစရာသည် မနောရဲ့ သံယောဇဉ်လား၊ မနောသည် ကြံတွေးစရာရဲ့ သံယောဇဉ်လားလို့ အပြန်ပြန် အလှန်လှန်မေးလိုက်တာ၊ အဲဒီလို မေးလိုက်တဲ့အခါမှာ ရှင်ကောဋ္ဌိက က ငါ့ရှင် အဆင်းသည် မျက်စိရဲ့ သံယောဇဉ်မဟုတ်ပါ၊ မျက်စိသည် အဆင်းရဲ့ သံယောဇဉ် မဟုတ်ပါ၊ အဆင်းသည် မျက်စိရဲ့သံယောဇဉ်လားမေးရင် အဆင်းသည် မျက်စိရဲ့သံယောဇဉ်မဟုတ်ဘူး၊ အဲဒီတစ်ချက်ကို သိရင် ကျန်တာအားလုံးလည်း ဒီအတိုင်းပဲလို့ မှတ်လိုက်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဆင်းသည် မျက်စိရဲ့သံယောဇဉ်ဟုတ်လားမေးရင်?'

'မဟုတ်ပါဘူးဘုရား'

'မျက်စိသည် အဆင်းရဲ့သံယောဇဉ်လားလို့မေးရင် မဟုတ်ပါဘူးတဲ့၊ အဲဒီနှစ်ခု အကြောင်းဆုံပြီးတော့မှ ဖြစ်ပေါ်လာတဲ့တရားတွေအပေါ်မှာ ဒီနှစ်ခုကို စွဲပြီးတော့မှ ဖြစ်ပေါ်လာတဲ့ စွဲမြဲမှုတရားက သံယောဇဉ် ပြန်ပြော မယ်နော်၊ မျက်စိနဲ့အဆင်း ဆုံလိုက်တယ်၊ သံယောဇဉ်ဖြစ်ကြတယ်ပေါ့ မဖြစ်ဘူးလား ဖြစ်လား?'

'ဖြစ်ပါတယ်ဘုရား'

'ဒီလိုဖြစ်တာက မျက်စိသည် အဆင်းရဲ့သံယောဇဉ်လားမေးရင် မဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'အဆင်းသည် မျက်စိရဲ့သံယောဇဉ်လားလို့ မေးရင်?'

'မဟုတ်ပါဘူးဘုရား'

'သူတို့နှစ်ခု အကြောင်းဆုံလိုက်လို့ ဖြစ်ပေါ်လာတဲ့ တပ်မက်မှုလေးက'

'သံယောဇဉ်ပါဘုရား'

'သူတို့နှစ်ခုမဆုံရင် မဖြစ်ဘူးနော်'

'မှန်လှပါဘုရား'

'ဆုံတိုင်း ဖြစ်ပြန်လားလို့မေးတော့လည်း မဟုတ်သေးဘူး၊ မိမိတို့ ဆုံ လိုက်တဲ့အခါမှာ သူတို့နှစ်ခုအကြောင်းပြုပြီး တပ်မက်မှုလေးက သံယောဇဉ်၊ စွဲမက်မှုလေးက သံယောဇဉ်၊ ဒီဘက်မျက်စိက သံယောဇဉ် မဟုတ်သေးဘူးနော်'

'မှန်လှပါဘုရား'

'အဆင်းကလည်း သံယောဇဉ်'

'မဟုတ်ပါဘူးဘုရား'

'အခုလည်းပဲ ဖဂ္ဂုနလေး ကြည့်စမ်း ခေါင်းမှာထိုးတယ်လို့ ပြောနေတာ

http://www.dhammadownload.com



ငါ့ခေါင်းကြီးထိုးတယ်ဆိုတော့ ဒိဋ္ဌိသံယောဇဉ် ချည်မထားဘူးလား?'

'ချည်ထားပါတယ်ဘုရား'

'သူ့သွားကြည့်နေတာက ခေါင်း၊ ခေါင်းထိုးတဲ့နေရာမှာ ထိုးတဲ့ထဲမှာ သံယောဇဉ်ပါလားမေးရင်?'

'မပါပါဘူးဘုရား'

'ဒီဘက်က ခံစားတဲ့ထဲမှာ ပါလားမေးရင်'

'မပါပါဘူးဘုရား'

'သို့သော်လည်း ငါမခံနိုင်ဘူးက ပါနေတယ်နော်'

'မှန်လှပါဘုရား'

'အဲဒါသည် သူတို့နှစ်ခု အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ ဒီဘက်က စွဲမက်မှု တပ်မက်မှု သာယာမှုဆိုတဲ့ အာရုံပေါ်မှာ ရောက်ရှိလာတဲ့ ကိလေသာ တရားတွေ ဖုံးလွှမ်းသွားရင် ဒါသံယောဇဉ်ပဲ'

'မှန်လှပါဘုရား'

'အဲဒီသံယောဇဉ်တွေ သူတို့နှစ်ခု အကြောင်းပြုပြီး မဖြစ်ဘူးလား မေးရင်တော့'

'ဖြစ်ပါတယ်ဘုရား'

'ဖြစ်တယ် ဖြစ်တယ်ဆိုတဲ့နေရာမှာ နှစ်ခုအကြောင်းပြုပြီး စွဲမက်မှု တပ်မက်မှု ဖြစ်တာပါ'

'မှန်လှပါဘုရား'

'မစွဲမက် မတပ်မက်ရင်ဖြစ်မလား?'

'မဖြစ်ပါဘူးဘုရား'

'ဒါဖြင့် အဲဒီ သံယောဇဉ်ဆိုတဲ့တရားကို သေချာရှင်းအောင်လို့ ဥပမာ လေးပေးရင် သိပ်ကောင်းမှာပဲလို့ ပြောတယ်၊ အဲဒီလို ပြောလိုက်တဲ့အခါ ကျတော့ ဒါဆိုရင် တပည့်တော် ရှင်းလင်းအောင် ဥပမာပေးပါ့မယ်၊ နွားဖြူ ရယ် နွားနက်ရယ် နှစ်ကောင်ရှိတယ်၊ ကြိုးလေးနဲ့ချည်ထား၊ နွားဖြူသွားရင် နွားနက်ပါတယ်၊ နွားနက်သွားရင် နွားဖြူပါတယ်၊ မြင်တဲ့လူက နွားဖြူ

http://www.dhammadownload.com



သံယောဇဉ်က နွားနက်၊ နွားနက်ရဲ့သံယောဇဉ်က နွားဖြူလို့ဆိုမယ်၊ မှန်ပါ့မလား?'

'မမှန်ပါဘုရား'

'သူတို့နှစ်ကောင် တစ်ကောင်သွားရာနောက်တစ်ကောင် ကောက်ကောက်ပါနေတာ ကြိုးကြောင့်၊ အဲဒီချည်ထားတဲ့ကြိုးက သံယောဇဉ်လို့ ဟောနေတာ'

'မှန်လှပါဘုရား'

'အဲဒီကြိုးတာ မရှိရင်ပြတ်ပြီ၊ အော်စရာလည်း မလိုတော့ဘူး၊ ညည်းစရာလည်း'

'မလိုတော့ပါဘူးဘုရား'

'ယနေ့ အော်နေ ညည်းနေရတာ ဘာရှိလို့?'

'သံယောဇဉ်ရှိလို့ပါဘုရား'

'ကြိုးချည်ထားလို့'

'မှန်လှပါဘုရား'

'အဲဒီကြိုးချည်ခံထားရတာကလည်း သဘောကို ဉာဏ်မရောက်လို့'

'မှန်လှပါဘုရား'

'ဘာကို ဉာဏ်မရောက်လို့'

'သဘောကို ဉာဏ်မရောက်လို့ပါဘုရား'

'ဒါလောက်လေးပြောရင် နည်းနည်းတော့ပေါ်ပြီပေါ့နော်'

'မှန်လှပါဘုရား'

'ဒီထက်ပေါ်လွင်အောင် ထပ်ပြောသွားတာက ငါ့ရှင်၊ ငါတို့ရဲ့ မြတ်စွာဘုရားမှာ မျက်လုံးမပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဘုရားရှင်သည် မြင်မြင်သမျှဟာကို မကြည့်ဘူးလား?'

'ကြည့်ပါတယ်ဘုရား'

'ကဲ-မျက်စိရှိတဲ့ ဘုရားက မြင်မြင်သမျှအာရုံကြည့်တယ်၊ သံယောဇဉ်

http://www.dhammadownload.com



ဖြစ်လား?'

'မဖြစ်ပါဘူးဘုရား'

'ဘုရားမှာ မဖြစ်ဘူးနော်'

'မှန်လှပါဘုရား'

'တို့တွေမှာ မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ဘုရားမှာ နားမပါဘူးလား?'

'ပါပါတယ်ဘုရား'

'အသံကော နားမထောင်ဘူးလား?'

'ထောင်ရပါတယ်ဘုရား'

'သံယောဇဉ်ဖြစ်လား?'

'မဖြစ်ပါဘူးဘုရား'

'တို့တွေမှာ မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'မကွာဘူးလား?'

'ကွာပါတယ်ဘုရား'

'ဘုရားမှာ ဖြစ်ကိုမဖြစ်ဘူး'

'မှန်လှပါဘုရား'

'မျက်လုံးပါရင် အဆင်းကြည့်တယ် သံယောဇဉ်မဖြစ်ဘူး၊ နားရှိတယ် အသံနားထောင်တယ် သံယောဇဉ်မဖြစ်ဘူး၊ တို့တွေတော့ ဖြစ်နေကြတယ်၊ အဲဒီလိုဖြစ်တာက ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သံယောဇဉ်နဲ့ သံယောဇနီယကို ရှင်းပြီးသား'

'မှန်လှပါဘုရား'

'ကိုယ်တွေကရှုပ်နေလို့ အဲဒီတော့ သံယောဇဉ်က တွယ်ရမှာမဟုတ်ဘူး ပယ်ရမှာ၊ သံယောဇဉ်ဆိုတာ'

'ပယ်ရမှာပါဘုရား'

http://www.dhammadownload.com



'သံယောဇနိယက ပိုင်းခြားသိရမှာ ဘယ်လိုပြောလိုက်?'

'သံယောဇနိယက ပိုင်းခြားသိရမှာပါဘုရား'

'သံယောဇဉ်က ကိလေသာတရားတွေ အဲဒီကိလေသာတရားတွေသည် သံယောဇဉ်တွေချည်းပဲ၊ သံယောဇနိယက ခုနတုန်းက ခေါင်းထိုးတယ် မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ခေါင်းဆိုတာရှိလား?'

'မရှိပါဘူးဘုရား'

'ခန္ဓာကတော့ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီ ခန္ဓာထိုးသဘောလေးသည် ငါကောဟုတ်သလား၊ ပုဂ္ဂိုလ်သတ္တဝါ ဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

'ဖောက်ပြန်တဲ့ ဘာတရား'

'ရုပ်တရားပါဘုရား'

'ဒါဖြင့် ရုပ်တရားဆိုတာလေးကို သိလိုက်တဲ့အတွက် ငါလည်းမဟုတ် သူလည်းမဟုတ် ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ဟော-သံယောဇဉ်ချည်စရာအကြောင်း'

'မရှိပါဘူးဘုရား'

'ဒီအာရုံလေးကို အာရုံပြုလိုက်ရင် ထိုးသဘောလေးတစ်ခုပေါ်ရင် ခံစားမှုတစ်ခု မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'နောက်ထိုးတစ်ခုပေါ်ရင်လည်းပဲ နောက်ခံစားမှု တစ်ခု မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီသဘောတွေသည် သံယောဇနိယ ဘယ်လိုပြောလိုက်?'

'သံယောဇနိယပါဘုရား'

'သံယောဇနိယဆိုတာ ပိုင်းခြားသိရမယ့်တရား၊ ရုပ်ကိုရုပ်မှန်း ပိုင်းခြားသိရင်၊ ဝေဒနာကို ဝေဒနာမှန်း ပိုင်းခြားသိရင် သူ့အလုပ်သူလုပ်တာကို မြင်သွား ပြီ၊ ရုပ်က ဘာလုပ်လဲ ဖောက်ပြန်လိုက်ပျက်စီးလိုက်၊ ဝေဒနာက ဘာလုပ်လဲ ခံစားလိုက် ပျက်စီးလိုက်၊ ဒီလိုသာ သိနေရင် သံယောဇဉ်မလာဘူး?'

'မှန်လှပါဘုရား'

'ဘယ်သူပေါ်လဲမေးရင် ဉာဏ်၊ ဘယ်သူပေါ်သွားလဲ?'

'ဉာဏ်ပါဘုရား'

'ပထမတုန်းက ဘုရားရှင် မလာတုန်းက ဖဂ္ဂုနရဟန်းတော်လေး အော်ပြီးတော့ ညည်းနေရတာသည် ဉာဏ်မပေါ်ဘဲနဲ့ သံယောဇဉ်တွေ ချည်ထားလို့?'

'မှန်လှပါဘုရား'

'မအော်ရဘူးလား?'

'အော်ရပါတယ်ဘုရား'

'ဒီလိုအော်ရတာ ငါနဲ့ဝေဒနာလည်းရောနေလို့၊ အခုတော့ငါပါလား?'

'မပါပါဘူးဘုရား'

'ငါမပါတဲ့ဝေဒနာသည် ပုဂ္ဂိုလ် သတ္တဝါလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ဟောဒသံယောဇနိယ ခန္ဓာရဲ့သဘော ပိုင်းခြားမြင်သွားတဲ့အတွက် ဒီဘက်မှာ ချည်နှောင်စရာ သံယောဇဉ် ရှိကိုမရှိဘူး'

'မှန်လှပါဘုရား'

'ကြိုက်သလောက် နားထောင် ရှိကိုမရှိဘူး၊ ဘာကြောင့်လဲမေးရင် သူ့ရဲ့သဘောမှန်ကိုသိလို့၊ ဒါဖြင့် သံယောဇနိယဆိုတဲ့ သဘောပေါက်ပါ

http://www.dhammadownload.com



စေနေ၁်'

'မှန်လှပါဘုရား'

'အခု ကိုယ်နဲ့ခန္ဓာ ကွဲပြီလား?'

'ကွဲပါပြီဘုရား'

'မကွဲရင် ဒိဋ္ဌိသံယောဇဉ်က လာတော့မှာ'

'မှန်လှပါဘုရား'

'အဲဒီတော့ ခေါင်းတင်းတယ်ဆိုတာက မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ခေါင်းကကိုယ်၊ တင်းသဘောလေးက'

'ခန္ဓာပါဘုရား'

'အဲဒီခန္ဓာ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ခန္ဓာရဲ့ သဘောကိုသိရင် သစ္စာပါမြင်သွားတယ်၊ အဲဒီ တင်းသဘောလေးရဲ့ အာရုံပြုပြီးတော့ ခံစားတာက ဘယ်သူက ခံစားတာလဲ?'

'ဝေဒနာကခံစားတာပါဘုရား'

'ခံစားတာထဲမှာ ငါပါလား?'

'မပါပါဘူးဘုရား'

'ဒီလိုဆိုရင် ရုပ်နဲ့ဝေဒနာလည်း ကွဲသွားပြီ'

'မှန်လှပါဘုရား'

'ရောဂါနဲ့ဝေဒနာလည်း ရှင်းသွားပြီ'

'မှန်လှပါဘုရား'

'ရောဂါဆိုတာ ဖောက်ပြန်တဲ့ရုပ် ဒီဘက်က ခံစားတာက'

'ဝေဒနာပါဘုရား'

'ဒါဖြင့် ဝေဒနာဆိုတာက ခံစားတဲ့အလုပ် သူ့အလုပ်သူလုပ်တာပဲ၊ အဲဒါကို ထိုင်ကြည့်နေရင် မိမိရဲ့သန္တာန်မှာ ဉာဏ်သာကိန်း ကိုယ်သာနာမယ်'

'စိတ်မနာတော့ဘူးဘုရား'

http://www.dhammadownload.com



'အော်ညည်းစရာလည်း အကြောင်း'

'မရှိတော့ပါဘူးဘုရား'

'အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ငြိမ်းချမ်းစွာနဲ့ အသေကို ကောင်းစွာ ရင်ဆိုင်နိုင်တော့ အရိယာတို့ရဲ့သေခြင်းနဲ့သေရတော့မယ်၊ တန်ဖိုး မရှိဘူးလား ရှိလား?'

'ရှိပါတယ်ဘုရား'

'ယနေ့ ဗိုက်ကော နာတာမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဗိုက်ဆိုတာဘာလဲ?'

'ကိုယ်ပါဘုရား'

'နာသဘောက'

'ခန္ဓာပါဘုရား'

'ကွဲပါစေနော်'

'မှန်လှပါဘုရား'

'ဗိုက်နာတယ်ဆိုတာ သူတော်စင်များက ဗိုက်ကို ကြည့်ရမှာလား နာတာကို ကြည့်ရမှာလား?'

'နာတာကိုကြည့်ရမှာပါဘုရား'

'နာသဘောမြင်ရင် ဗိုက်မတွေ့ရတော့ဘူး၊ ဗိုက်ကြီးကိုကြည့်ရင် နာသဘော မမြင်ရဘူး'

'မှန်လှပါဘုရား'

'နာသဘောမြင်ရင် ငါ့မှဗိုက်ကြီး နာလိုက်တာဟဲ့ ငါ့ကို ဆေးလိမ်းပေးပါအုံးလို့ အော်တော့မှာနော်'

'မှန်လှပါဘုရား'

'အဲဒီပုဂ္ဂိုလ်သည် သံယောဇနိယကိုမမြင်၊ သံယောဇဉ်တွေ ချည်နေသည်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဝင်ိသုံးပါး လည် မလည်?'

'လည်ပါတယ်ဘုရား'

'ဩော် ကိုယ့်ရဲ့သန္တာန်မှာ အထင်အရှားရှိတဲ့တရားတွေ သဘော ပေါက် စေချင်တာပါ'

'မှန်လှပါဘုရား'

'ရှင်းပြီလား?'

'ရှင်းပါပြီဘုရား'

'အလိုက်သင့် ဖြေမှာပဲပေါ့၊ ရှင်းစေချင်ပါတယ်'

'မှန်လှပါဘုရား'

'သဘောပေါက်လား?'

'ပေါက်ပါတယ်ဘုရား'

'ဒါဖြင့် ကိုယ်နဲ့ခန္ဓာ ခွဲလိုက်ပြီ၊ ခန္ဓာပေါ်မှာလည်း ဉာဏ်ရောက် အောင်လို့ ရုပ်နဲ့ဝေဒနာကိုလည်း ခွဲထားပြီနော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန် အထင်အရှားရှိတဲ့တရားလေးကို အခု ခေါင်း တင်းတယ် တင်းတယ် ဘယ်မှာပေါ်?'

'ကိုယ်မှာပေါ်ပါတယ်ဘုရား'

'ခေါင်းဆိုတဲ့နေရာမှာ ပေါ်နေတယ်ပေါ့'

'မှန်လှပါဘုရား'

'ခန္ဓာရယ် ပညတ်ရယ် တွဲသုံးထားအုံးနော်၊ ပရမတ်ကို တန်းမရောက် ကြနဲ့အုံး၊ အဲဒီတော့ ခေါင်းမှာမပေါ်ဘူးလား ပေါ်လား?'

'ပေါ်ပါတယ်ဘုရား'

'တင်းသဘောခေါင်းမှာပေါ်သလို ထိုးသဘောလည်း ဘယ်မှာပေါ်?'

'ခေါင်းမှာပေါ်ပါတယ်ဘုရား'

'နာသဘောလေးက'

'ဗိုက်မှာပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'နာသဘောလေးက ဗိုက်မှာပေါ်နေတယ်နော်၊ ခုနတုန်းက လေးမျိုး ပြောထားတယ်လေ ခေါင်းမှာတင်းတဲ့သဘောရယ်၊ ထိုးတဲ့သဘော၊ ဗိုက်မှာက နာတဲ့သဘော၊ ကိုယ်ပေါ်မှာကျတော့ ပူတဲ့သဘော ဟုတ်ပြီနော်'

'မှန်လှပါဘုရား'

'အဲဒီသဘောလေးကို ပြန်ပြီးကြည့်ပါ၊ ဟောဒီနာတယ်ဆိုရင် ဗိုက်မှာ နာတဲ့သဘောကို သူကတရိပ်ရိပ်နဲ့ ဓါးလေးတွေနဲ့လှီးဖြတ်သလို ခံရခက်တယ် လို့ မပြောခဲ့ဘူးလား?'

'ပြောခဲ့ပါတယ်ဘုရား'

'အဲဒီတုန်းက ညည်းခဲ့ရတာတွေသည် ငါ့ဗိုက်ကြီးနာတယ်ဆိုပြီး ဟောဒီ နာသဘောဖောက်ပြန်မှု ရုပ်တရားကို ဘာလုပ်လိုက်?'

'ငါလုပ်လိုက်ပါတယ်ဘုရား'

'ငါလုပ်လိုက်တော့ သံယောဇဉ်မကြီးဘူးလား?'

'ကြီးပါတယ်ဘုရား'

'အော်ရတဲ့သဘော ပေါ်ပြီနော်'

'မှန်လှပါဘုရား'

'အဲဒီတော့ ဟောဒီ ငါ့ဗိုက်ကြီးနာတယ်ဆိုတော့ ငါမခံနိုင်ဘူးဆိုပြီး ခံစားတဲ့အပေါ်မှာလည်း ငါလို့မလုပ်?'

'လုပ်ပါတယ်ဘုရား'

'ဒါ့ကြောင့် သူအော်ရတယ်'

'မှန်လှပါဘုရား'

'လှိမ့်နေအောင် အော်နေရတဲ့ အဲဒီ အော်နေရတာသည် တခြား လား ဒေါသလား?'

'ဒေါသပါဘုရား'

'ပဋိဃသံယောဇဉ်ကော ကြီး မကြီး?'

'ကြီးပါတယ်ဘုရား'

http://www.dhammadownload.com



'အခုကြည့်လိုက်ပါ နာတဲ့သဘောက ဗိုက်မှာနော်'

'မှန်လှပါဘုရား'

'ဒီဘက်က ခံစားတာက ဗိုက်မှာခံစားတာ ဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

'ခံစားတာက ဘယ်မှာပေါ်?'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ရုပ်လား ဝေဒနာလား?'

'ဝေဒနာပါဘုရား'

'ဒီဘက်ကနာတာက ဗိုက်မှာပေါ်တယ်၊ အဲဒီပေါ်တဲ့ နာသဘောလေးက ဝေဒနာလား ရုပ်လား?'

'ရုပ်ပါဘုရား'

'ဟော-ရုပ်က ဗိုက်မှာ လာပြတယ်နော်၊ ဟောဒီဘက်က ခံစားတဲ့ ဝေဒနာက'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'တူလား?'

'မတူပါဘူးဘုရား'

'အဲဒီလိုဆိုရင် ဟောဒီနာတယ်ဆိုတာသည် ငါဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'ပုဂ္ဂိုလ် သတ္တဝါဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'မဟုတ်ရင် ဖောက်ပြန်တဲ့ ဘာတရား?'

'ရုပ်တရားပါဘုရား'

'ဒါဖြင့်ရင် ရုပ်ဖောက်ပြန်တဲ့ ဒီအာရုံလေးကိုပြုပြီးတော့ စိတ်မှာ ဘယ်သူ ခံစားမယ်?'

'ဝေဒနာခံစားမှာပါဘုရား'

http://www.dhammadownload.com



'ဒါလေးကို ကွဲသွားအောင် -

**"ရုပ်ဖောက်ပြန်လာ အာရုံမှာ၊ ဝေဒနာ ခံစားသည်"**

အခုမိမိတို့ ရှေ့ပိုင်းက ရောဂါနဲ့ဝေဒနာလို့ (၂) မျိုး ပြထားတဲ့ နေရာမှာ အဲဒီရောဂါဆိုတာ နာတတ် ကျင်တတ် ကိုက်တတ် ခဲတတ်တဲ့ သဘောဆိုတော့ ရောဂါရဲ့သဘောကို သိသွားပြီ၊ အခုဗိုက်နာတဲ့ရောဂါ ပေါ်နေပြီ ဟုတ်ပြီနော်၊ အဲဒီနာတယ် နာတဲ့ရောဂါလေးသည်ပင် ဖောက်ပြန်တဲ့ ဘာတရား?'

'ရုပ်တရားပါဘုရား'

'ရုပ်တရားတစ်ခုသိသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီရုပ်တရား ဘယ်မှာပေါ်'

'ကိုယ်မှာပေါ်ပါတယ်ဘုရား'

'အဲဒီဗိုက်မှာ ပြလာတဲ့ နာသဘောသည် ဖောက်ပြန်တဲ့အာရုံ၊ ဘာတဲ့ တုန်း?'

'ဖောက်ပြန်တဲ့ အာရုံပါဘုရား'

'ဖောက်ပြန်လာတဲ့အာရုံကို ဒီဘက်ကနေ ဘယ်သူခံစား?'

'ဝေဒနာခံစားပါတယ်ဘုရား'

'ငါပါလား?'

'မပါပါဘူးဘုရား'

'ခံစားတဲ့အထဲမှာ ငါမပါဘူး၊ ဖဂ္ဂုနပါလား?'

'မပါပါဘူးဘုရား'

'ဘယ်သူခံစားတာ?'

'ဝေဒနာခံစားတာပါဘုရား'

'ဒီဘက်မှာနာတယ်ဆိုတာကလည်း ငါနာတာလား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'ယောက်ျား မိန်းမ နာတာလား၊ ပုဂ္ဂိုလ် သတ္တဝါ နာတာလား?'

'မဟုတ်ပါဘူးဘုရား'

'နာတာသည် ဘယ်သူနာတာတုန်း ရုပ်ဖောက်ပြန်နေတာ၊ အဲဒီ ဖောက်ပြန်တဲ့ ရုပ်အာရုံ ဘယ်သူခံစား?'

'ဝေဒနာကခံစားတာပါဘုရား'

'ဒါဖြင့်ရင် နာတယ်ဆိုတာက ဝေဒနာလား?'

'မဟုတ်ပါဘူးဘုရား'

'ကိုက်တာ ဝေဒနာလား၊ ကျင်တာ တောင့်တာ အောင့်တာ ခဲတာက'

'ရုပ်တရားပါဘုရား'

'ရောဂါဆိုတဲ့ ရုပ်တရား၊ ရုပ်နဲ့ဝေဒနာကော ကွဲမသွားဘူးလား၊ အဲဒါမှ မကွဲဘူးဆိုရင် ယနေ့သူတော်စင်များ နာတိုင်း နာတိုင်း ညည်းပါလိမ့်မယ်'

'မှန်လှပါဘုရား'

'ကိုက်ခဲတိုင်း ကိုက်ခဲတိုင်း အော်နေပါလိမ့်မယ်'

'မှန်လှပါဘုရား'

'အခုတော့ ကိုယ့်ခန္ဓာကိုယ်ကြီး ဘယ်အချိန်ကြည့်ကြည့် ရောဂါတွေ မပြည့်ဘူးလား?'

'ပြည့်ပါတယ်ဘုရား'

'နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ် စူးတယ် အောင့်တယ် တုန်တယ် ခုန်တယ် မျိုးစုံ ဒီကိုယ်နဲ့ဆက်စပ်ပြီး မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီပေါ်သမျှ နှိပ်စက်နေတယ်မှတ်ပါ'

'မှန်လှပါဘုရား'

'အဲဒီနှိပ်စက်တဲ့တရားတွေကို အခု ရောဂါဝေဒနာတွေနဲ့ တွဲသုံးတဲ့ အခါမှာ ရောဂါလား ဝေဒနာလား?'

'ရောဂါပါဘုရား'

http://www.dhammadownload.com



'သဘောပေါက်စေချင်ပါတယ်'

'မှန်လှပါဘုရား'

'ကိုယ်က အရမ်းဖြေချင်လွန်းအားကြီးတော့ မှားသွားတာပါ။ ဝမ်းထဲက မသိဘူးလားမေးရင် သိတယ်၊ မသိဘူးလား?'

'သိပါတယ်ဘုရား'

'အဲဒီလောက်သိရင် တော်ပြီနော်၊ ရောဂါဆိုတာ ဒီကိုယ်နဲ့စပ်ပြီးတော့ ပြနေတာ၊ အဲဒီပြနေတဲ့ နာမှု၊ ကျင်မှု၊ ကိုက်မှု၊ ခဲမှုသည် ကိုယ်နဲ့စပ်ပြီး ပေါ်နေတဲ့ အာရုံ၊ အာရုံလေးပေါ်တိုင်းပေါ်တိုင်း ဘယ်သူခံစား?'

'ဝေဒနာကခံစားပါတယ်ဘုရား'

'ဟော-အဲဒီလိုလေးသိလည်းသိရော ရုပ်နဲ့ ဝေဒနာလေးကွဲသွားပြီ၊ ဒီလို ကွဲသွားတဲ့အတွက်ကြောင့် သံယောဇနိယကို ပိုင်းခြားမြင်သွားတယ်၊ ရုပ်ဆိုတာ ငါလား သူလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ဝေဒနာဆိုတာလည်း ငါလား သူလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ရုပ်ခန္ဓာ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဝေဒနာလည်း ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဟော ဉာဏ်လေးကလိုက်စမ်းပါ သစ္စာသိတဲ့ဉာဏ် ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'မိမိရဲ့သန္တာန်မှာ သံယောဇဉ်တွေ ဒီအချိန်မှာ မပြတ်နေဘူးလား?'

'ပြတ်နေပါတယ်ဘုရား'

'ခန္ဓာထဲ ဉာဏ်ရောက်ပါစေနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခု ရုပ်နဲ့ခန္ဓာ ကွဲပြီလား?'

'ကွဲပါပြီဘုရား'

'ကွဲသွားပြီနော် ဒါဖြင့်ရင် အဲဒီရုပ်တရားကလည်း ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ဝေဒနာကလည်း ခံစားလိုက် ပျက်စီးလိုက်၊ ဒီလိုဆိုရင် ဟောဒီ နာကျင်မှုဆိုတဲ့ တရားလေးသည် ကိုယ်မှာပေါ်ပြီးတော့ ကိုယ်မှာချုပ်တယ်၊ ခံစားမှုက စိတ်မှာပေါ်ပြီး'

'စိတ်မှာချုပ်ပါတယ်ဘုရား'

'ဒါဖြင့် ဝေဒနာသည် ဘယ်မှာ ပေါ်တာတုန်း?'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ရုပ်က'

'ကိုယ်မှာပေါ်ပါတယ်ဘုရား'

'ဒါလေးရှင်းပါစေနော်၊ ဒါဖြင့် နာကျင်မှုသည် ဝမ်းဗိုက်မှာပေါ်တဲ့ အတွက်ကြောင့်မို့လို့ ဝမ်းဗိုက်ဆိုတဲ့နေရာလေးကို အာရုံပြုလိုက်ပါ၊ နာကျင်မှု ဟာ ဒီနေရာဖြစ်ကာ ဒီနေရာပျက်သွားသည်၊ ခံစားမှုဟာ ဒီနေရာဖြစ်ကာ ဒီနေရာပျက်သွားသည်၊ ရုပ်ကလည်း အနိစ္စပြမှာပဲ၊ ဝေဒနာကလည်း အနိစ္စ ပြမှာပဲ'

'မှန်လှပါဘုရား'

'အဲဒီပြတဲ့နေရာကို သွားမရောဖို့အတွက် သူ့နေရာနဲ့သူ၊ သူ့အလုပ် လုပ်ပြီးတော့ ခွဲထားပြီးပြလိုက်တဲ့ ရုပ်ဆိုတဲ့တရားသည် ကိုယ်မှာပေါ် ကိုယ်မှာ ချုပ်တယ်'

'မှန်လှပါဘုရား'

'ဝေဒနာဆိုတဲ့တရားသည် စိတ်မှာပေါ် စိတ်မှာချုပ်သည်၊ ရောစရာ ရှိလား၊ အဲဒီသဘောလေးကို သူ့နေရာနဲ့သူ ဉာဏ်ရောက်အောင်ကြည့်တတ် လို့ အစိပ္ပာယ်ရှင်းပြီးတော့များ ကိုယ့်ခန္ဓာကို ဉာဏ်သွင်းနိုင်ရင် အဲဒီပုဂ္ဂိုလ် သံယောဇဉ် ပြတ်တယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သေပေါက်သေဝ ရောက်နေရင်လည်း သံယောဇဉ်ပြတ်တဲ့အတွက်ကြောင့် အရိယာတို့ရဲ့သေနည်းနဲ့ ပြုံးသေသေဖို့ သေချာပါတယ်'

'မှန်လှပါဘုရား'

'ဒါဖြင့် ကိုယ်နဲ့ခန္ဓာမကွဲခင်တုန်းက ဖဂ္ဂုန အော်ရ မအော်ရ?'

'အော်ရပါတယ်ဘုရား'

'ရောဂါနဲ့ဝေဒနာ ရောနေတုန်းကလည်း အော်ရ မအော်ရ?'

'အော်ရပါတယ်ဘုရား'

'ငါ့ခေါင်းကြီး တင်းလိုက်တာ၊ ထိုးလိုက်တာ၊ ငါ့ဗိုက်ကြီး နာလိုက်တာ၊ ကိုယ်ကြီးပူလိုက်တာနဲ့ အော်ရ မအော်ရ?'

'အော်ရပါတယ်ဘုရား'

'အခုတော့ ဘုရားရှင်က တစ်ခွန်းတည်း ပြောသွားပါတယ်၊ ချစ်သား ဖဂ္ဂုန ငါနဲ့ဝေဒနာ မရောစေနဲ့၊ ဝေဒနာဟာ ငါဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'အဲဒီသဘောလေးကို သိလည်းသိသွားရော ဘုရားရှင်က ဒါလေးမိန့်ပြီး ပြန်ကြွသွားပြီ၊ အဲဒီအချိန်အခါမှာ ရောဂါနဲ့ ခံစားနေရတဲ့ ဖဂ္ဂုန သူ့ခန္ဓာသူ ဉာဏ်သွင်းလိုက်တော့ ဗိုက်နာတဲ့နေရာမှာ သူ့ဗိုက်ကြီး မကြည့်တော့ဘူး၊ နာသဘောလေးရဲ့ ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ခေါင်းကိုကြည့်လိုက်တဲ့အခါမှာ ခေါင်းကြီးမြင်ရတာမဟုတ်၊ တိုးသဘောလေးတွေ၊ တင်းသဘောလေးတွေ၊ ထိုးသဘောလေးတွေ ဒါလေးကိုပဲ သိနေတာ၊ အဲဒီတော့ ထိုးတာလေးကလည်း ထိုးလိုက် ပျက်စီးလိုက်၊ တင်းတာလေးကလည်းတင်းလိုက် ပျက်စီးလိုက်ဆိုတော့ ဖောက်ပြန်ပျက်စီးတာ မြင် မမြင်?'

'မြင်ပါတယ်ဘုရား'

'အဲဒီလိုမြင်နေတဲ့အချိန်မှာ ဉာဏ်ဦးစီးတဲ့အတွက်ကြောင့်မို့ အော်စရာလိုသေးလား?'

'မလိုပါဘူးဘုရား'

http://www.dhammadownload.com



'ငါမကိုက်တဲ့အတွက် ဒိဋ္ဌိက ပြုတ် မပြုတ်?'

'ပြုတ်ပါတယ်ဘုရား'

'နောက်ကနေ မခံမရပ်နိုင်ဘူးဆိုတဲ့ ဒေါသကော လာသေးလား?'

'မလာပါဘူးဘုရား'

'သိစရာ ရှိတာလေးတွေ ရှင်းရှင်းလင်းလင်း သိပြီးတော့ ဖောက်ပြန်နေတဲ့အထဲမှာလည်း ငါမပါ၊ ဖြစ်လိုက် ပျက်လိုက် ခံစားမှုလေးတွေကို ဉာဏ်လိုက်တော့လည်း ငါမပါ၊ ခံစားလိုက် ပျက်စီးလိုက်၊ ဒီလိုဆိုရင် သူ့နေရာဘာတွေမြင်သွားလဲမေးတော့ ဖောက်ပြန်တာကြည့်တော့လည်း ဖြစ်ပျက်၊ ခံစားတာကြည့်တော့လည်း ဖြစ်ပျက်၊ အနိစ္စ မမြင်သွားဘူးလား?'

'မြင်သွားပါတယ်ဘုရား'

'အဲဒီ အနိစ္စလေးမြင်တာကို မမြဲတာလေးတွေ့လို့ အနိစ္စလို့မြင်နေတာ'

'မှန်ပါတယ်ဘုရား'

'ဒါဖြင့် တင်းတယ်၊ ထိုးတယ်၊ နာတယ်၊ ပူတယ်ဆိုတဲ့တရားလေးတွေဟာ တဖွဲဖွဲတသဲသဲနဲ့ တစ်ကိုယ်လုံးအနှံ့မှာ ပြိုပျက်နေတဲ့သဘောသည်ပင် တစ်ကိုယ်လုံးမှာ နှိပ်စက်နေတာကော မပီပြင်ဘူးလား?'

'ပီပြင်ပါတယ်ဘုရား'

'ဉာဏ်ကမြင်တော့မှာနော်'

'မှန်လှပါဘုရား'

'ဒီလောက်ပျက်စီးနေတာသည်ပင် နှိပ်စက်နေပါလားလို့ ဒုက္ခကိုလည်းသွားမြင်တယ်'

'မှန်လှပါဘုရား'

'အဲဒီပျက်နေတဲ့အရပ်ကို မပျက်အောင် ဟန့်တားလို့ရလား?'

'မရပါဘူးဘုရား'

'ဖြစ်လာတဲ့အရပ်ကို မဖြစ်အောင်လို့ တောင်းပန်လို့လည်းရလား?'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'အကြောင်းရှိရင် ပြနေတာပဲ၊ အကြောင်းကုန်ရင် တားမရလို့ ပျက်နေတဲ့ သဘောသည်ပင် အနတ္တပါလားလို့ အစိုးမရတဲ့သဘောလေး ပေါ်သွားတယ်၊ တခြားလား ဉာဏ်အမြင်လား?'

'ဉာဏ်အမြင်ပါဘုရား'

'အဲဒီလိုနဲ့ နှလုံးသွင်းပြီးတော့မှ ခန္ဓာမှာပြနေတဲ့ နှိပ်စက်မှုတွေကို ဉာဏ်လည်း ရောက်သွားရော ရုပ်နဲ့ဝေဒနာလည်းကွဲ ငါလည်းပဲမပါတော့ အရှိကိုအရှိအတိုင်းမြင်သွားတဲ့ ဖဂ္ဂုနလေး ဖျတ်ဆို စုတိစိတ်ကျသွားရှာတယ်၊ အဲဒီအချိန်အခါမှာ အရှင်အာနန္ဒာက အနားမှာ ရှိနေသေးတော့ ကြည့်လိုက်တော့ အသားအရေတွေက ကြည်လင်ပြီးတော့ ဝင်းနေတဲ့ပြုံးမှုလေးကို မြင်နေရတယ်၊ တယ်ဆန်းပါလား၊ ဘုရားက ကြွသွားပြီနော်'

'မှန်လှပါဘုရား'

'အဲဒီမှာ အရှင်အာနန္ဒာက နောက်ကလိုက်သွားပြီးတော့မှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို 'အရှင်ဘုရားတဲ့ ဖဂ္ဂုနရဟန်းလေး ပျံလွန်တော်မူသွားပါပြီ၊ သူ့ရဲ့အသားအရေများကြည်လင်ဝင်းပပြီး ပြုံးနေပါတယ်ဘုရား၊ သေတာနဲ့တောင် မတူပါဘူးဘုရား' ဆိုတော့ ဘုရားရှင်က - 'ချစ်သား ငါဘုရားကိုလည်း ဖူးရမယ်၊ ငါဘုရားရဲ့တရားတော်ကိုလည်း နာရတဲ့ အဲဒီပုဂ္ဂိုလ်တွေသည် အခုလိုပင် ကြည်ကြည်လင်လင် သန့်သန့်စင်စင်နဲ့ ပုထုဇဉ်ဖြစ်ခဲ့မယ်ဆိုရင် အရိယာအဖြစ်နဲ့ ကျေးဇူးများပြီးတော့ ဘဝကို အနိုင်ယူနိုင်တယ်၊ အရိယာဖြစ်ခဲ့မယ်ဆိုရင်လည်းပဲ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန် ပြုနိုင်တယ်' လို့ အကျိုး (၆)မျိုး ရပုံကို ဟောပါတယ်၊ တရားနာရတဲ့အကျိုး တရားအားထုတ်ရတဲ့အကျိုး ဘယ်နှစ်မျိုးလဲမေးရင် (၆) မျိုး၊ ဒါဖြင့် ဖဂ္ဂုနရဟန်းတော်လေး အချိန်မှီမသွားဘူးလား?'

'မှီသွားပါတယ်ဘုရား'

'သူအော်ညည်းပြီး သေမယ်ဆိုရင်တော့ အပါယ်မှတစ်ပါး သွားစရာ မရှိဘူးနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီအချိန်အခါမှာ ပုထုဇဉ်ဖြစ်တဲ့အတွက်ကြောင့် ဉာဏ်မရှိသေးဘူး'

'မှန်လှပါဘုရား'

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောပေးလိုက်တော့ ငါနဲ့ဝေဒနာ ကွဲအောင်ခွဲပြီး ရုပ်နဲ့ဝေဒနာကိုလည်း ရှင်းရှင်းလင်းလင်း သူ့နေရာနဲ့သူ သဘောပေါက်ပြီး ဉာဏ်ရောက်အောင်လည်း ကြည့်လိုက်ရော အမြင်ဉာဏ် အောက်မှာ တဖြုတ်ဖြုတ်နဲ့ ပျက်နေတဲ့ ရုပ်ဓမ္မ နာမ်ဓမ္မတွေအပေါ်မှာ ကောင်းစွာသိမြင်ပြီးတော့ ဘဝကို အဆုံးသတ်သွားတဲ့အချိန်အခါမှာ ပုထုဇဉ် ဘဝကနေပြီးတော့မှ သေအံ့ဆဲဆဲလေးမှာ ဒီအသိဉာဏ်ကိန်းသွားတဲ့အတွက် အောက်သံယောဇဉ် (၅) ပါးကို ပယ်သတ်ပြီးတော့ အနာဂါမ်တည်သွားတယ်'

'မှန်လှပါဘုရား'

'ကျေးဇူးမများဘူးလား?'

'များပါတယ်ဘုရား'

'အမှန်ရှိရုပ်နာမ်သိတဲ့အတွက်ကြောင့် ဒိဋ္ဌိ ပြုတ် မပြုတ်?'

'ပြုတ်ပါတယ်ဘုရား'

'ဒီသဘောသည်ပင် အကြောင်းရှိလို့ပေါ်တယ်၊ အကြောင်းကုန်ရင် ပျက်တတ်ပါလားဆိုတာကို ယုံမှားသံသယကင်းနေတဲ့အတွက် ဝိစိကိစ္ဆာ လည်း သေခဲ့ပါတယ်၊ ဒါဖြင့် အယူတွေကလည်း မမှားတော့ဘူးနော်'

'မှန်လှပါဘုရား'

'ဒီလိုနဲ့ ကြိုးစားသွားတဲ့အတွက် ပဌမ မင်္ဂကိုရရင် ဒိဋ္ဌိသံယောဇဉ် ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်ဟူသော သံယောဇဉ် ( ၃ ) ပါး ပြတ်ပါတယ်၊ ဆက်ပြီးကြိုးစားသွားလို့ ဒုတိယမင်္ဂ တတိယမင်္ဂကို ရောက်တဲ့အခါမှာ ကာမရာဂသံယောဇဉ်၊ ပဋိဃဟူသော သံယောဇဉ် (၂) ပါး ကို ထပ်ပယ်လိုက်တဲ့အတွက် အောက်သံယောဇဉ် (၅) ပါး ပြတ်သွား တယ်'

'မှန်လှပါဘုရား'

'အောက်သံယောဇဉ် (၅) ပါး ပြတ်သွားတော့ ကာမဂုဏ် အာရုံတွေ

http://www.dhammadownload.com



ပြတ်သွားပြီပေါ့'

'မှန်လှပါဘုရား'

'ဝိပါကဝဋ်ဒုက္ခ သူ့ခမျာ ကာမဂုဏ်အာရုံတွေရှိသေးလား?'

'မရှိပါဘူးဘုရား'

'လောကီ ကာမဂုဏ် အာရုံတွေရှိသေးလား?'

'မရှိပါဘူးဘုရား'

'ကာမ (၁၁) ဘုံ ကုန်သွားပြီနော်၊ ဒါဖြင့်ရင် အနာဂါမ်တည်သွားတဲ့ အတွက်ကြောင့်မို့လို့ နောက်တစ်ဆင့်တက် ရဟန္တာမဖြစ်ဘူးလား၊ အဲဒီမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားအာနန္ဒာ၊ ငါဘုရားကိုဖူးရ ငါဘုရား ဟောတဲ့တရားကို နာရမယ်ဆိုရင် ပုထုဇဉ်ဖြစ်ခဲ့ရင်လည်းပဲ သံယောဇဉ် (၅) ပါးကို ပယ်သတ်ပြီးတော့ အနာဂါမ်အဖြစ်နဲ့လည်း ဘဝကို အနိုင်ယူသွား နိုင်တယ်၊ အရိယာဖြစ်ခဲ့ရင်လည်းပဲ ပရိနိဗ္ဗာန်ပြုနိုင်တယ်ဆိုတော့ အလွန် အကျိုးမကြီးဘူးလား?'

'ကြီးပါတယ်ဘုရား'

'ယနေ့ တရားပွဲလေးကိုကျင်းပပေးတဲ့ သူတော်စင်များက တရားနာ ရတယ်၊ တယ်အဖိုးတန်ပါလားဆိုတာကို ဟော-ယနေ့ညဟောတဲ့ တရားက လည်း ထပ်လောင်းပြီး မထောက်ခံသွားဘူးလား?'

'ထောက်ခံပါတယ်ဘုရား'

'ကိုယ့်ခန္ဓာကိုယ်ကြီးကလည်း အမြဲတမ်း အနာရောဂါထူပြောပြီး နှိပ်စက် နေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီသ ဘာပေါ်မှာလည်း ဉာဏ် ရောက်အောင်လို့ ရှေ့ပိုင်းကရှင်းပြီးတော့ ကိုယ်နဲ့ခန္ဓာကို အရင်ခွဲကြနော်'

'မှန်လှပါဘုရား'

'ဗိုက်နာတယ်ဆို ဘာကိုကြည့်ရမယ်?'

'နာတာကို ကြည့်ရပါမယ်ဘုရား'

'မိမိမှာ သွားကိုက်တာဆိုရင် သွားကြည့်ရမှာလား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'သွားဖုံးကြီး ဖိထားမှာလား?'

'မဟုတ်ပါဘူးဘုရား'

'ဘာတဲ့'

'နာတဲ့သဘောကိုကြည့်ရမှာပါဘုရား'

'ကိုယ်နဲ့ခန္ဓာကို ခွဲခြားသိပြီးတော့ ငါလား၊ သူလား၊ ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ပုဂ္ဂိုလ် သတ္တဝါလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ခန္ဓာမို့လို့ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'သစ္စာသိတဲ့ဉာဏ်ကလည်း ကိန်းတယ်နော်'

'မှန်ပါတယ်ဘုရား'

'အဲဒီကိုက်တဲ့သဘောလေးကို ကြည့်မယ်ဆိုရင် တဆစ်ဆစ်နဲ့ ကိုက်နေတဲ့ အရာလေးဟာ တစ်ခုပြီးတစ်ခုပြတ်လိုက် မပြတ်သွားလိုက်၊ အစားထိုးလိုက်၊ တစ်ခါပျက်သွားလိုက် အစားထိုးလိုက်နဲ့ အမြဲ အကြောင်းဆုံတော့ မပြဘူးလား?'

'ပြပါတယ်ဘုရား'

'အကြောင်းကုန်တော့ မချုပ်ဘူးလား?'

'ချုပ်ပါတယ်ဘုရား'

'ဒီသဘောလေးအတိုင်း ဆုံးအောင်လိုက်ရှုပါပဲ၊ အဲဒီလိုကြည့်သွားတဲ့အတွက်ကြောင့်မို့လို့ အခုဖဂ္ဂုနရဟန်းတော်လေး ကျေးဇူးများသွားတာကို ဘုရားရှင်ထံ အာနန္ဒာက လျှောက်တဲ့အတွက်ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီတရားနာရတဲ့ အကျိုး (၆) မျိုးရှိတယ်လို့ ဟောပေးလိုက်ပါတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ယနေ့ သူတော်စင်များကလည်း တရားနာရတဲ့အကျိုး ဘယ်လောက်ကြီးတယ်ဆိုတာ သိမသွားဘူးလား?'

'သိပါတယ်ဘုရား'

'အဲဒီအကျိုး ( ၆ ) မျိုးကိုလည်း ထပ်လောင်းပြီးတော့ ပုံဖော်ရင် -

**"ဘုရားဖူးကာ တရားနာ၊ ကျိုးဟာ နှစ်ပါးရလေသည်"**

'ဖဂ္ဂုနရဟန်းတော်လေး အနာရောဂါတွေ ဖိစီးနှိပ်စက်ပြီးတော့ အလူးအလဲ လှိမ့်အောင့်ခံနေရတဲ့ အခိုက်အတန့်မှာ ဘုရားကော မဖူးရဘူးလား၊ ဘုရားဟောတဲ့တရားကို မနာရဘူးလား?'

'နာရပါတယ်ဘုရား'

'အဲဒီလို တရားနာရတဲ့အတွက်ကြောင့်မို့လို့ ပထမတော့ ငါနဲ့ ဝေဒနာ ရောနေခဲ့ရာက တရားလည်းနာလိုက်ရော ငါနဲ့ဝေဒနာခွဲလိုက်နိုင်တယ်၊ အဲဒီတော့ ဝေဒနာသည် ငါမဟုတ်တော့ ငါဆိုတဲ့အရာမပါတော့ ငါ့ခန္ဓာကိုယ်ကြီးထဲမှာ တစ်ကိုယ်လုံး တစ်ကောင်လုံး ငါ့မှာနေစရာမရှိအောင် အော်ရတဲ့အနေ အထားမျိုးကော ကင်းမသွားဘူးလား?'

'ကင်းသွားပါတယ်ဘုရား'

'ဝေဒနာကြည့်တော့ ဝေဒနာလေးက ခံစားလိုက် ပျက်သွားလိုက်နဲ့ ဒီအသိဉာဏ်လေးရတဲ့အတွက်ကြောင့် သံယောဇဉ်တွေကို ပြတ်အောင်ဖြတ်နိုင်တဲ့အတွက် အခိုက်အတန့်လေးမှာ ဘုရားဖူးပြီး တရားနာရတဲ့ကျေးဇူး ဘယ်လောက်ကြီးသလဲမေးရင် ပုထုဇဉ်ဖြစ်ခဲ့မယ်ဆိုရင် ပြောခဲ့တဲ့ အောက် သံယောဇဉ်ငါးပါးကို ပယ်သတ်ပြီး အနာဂါမ်တည်ခြင်းရဲ့ အကျိုးကိုရတယ်'

'မှန်လှပါဘုရား'

'မိမိက အရိယာဖြစ်ထားမယ်ဆိုတော့ အဲဒီ ဟောလိုက်တဲ့တရားကို နာလိုက်ရတဲ့အချိန်အခါမှာ ချက်ချင်း နှလုံးသွင်းလိုက်တဲ့အတွက်ကြောင့် ရဟန္တာဖြစ်ပြီးတော့မှ ပရိနိဗ္ဗာန်ပြုရမယ်လို့ အကျိုး (၂) မျိုးပေါ်သွားတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အထက်သံယောဇဉ် (၅)ပါး ရူပရာဂသံယောဇဉ်၊ အရူပရာဂ သံယော ဇဉ်၊ မာနသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်ဆိုတဲ့ အထက် သံယောဇဉ် (၅)ပါးကို ပယ်သတ်ပြီးတော့ အရိယာဖြစ်ခဲ့ရင် တရားနာ ဘုရားဖူးလိုက်ရရင် ရဟန္တာဖြစ်တယ်'

'မှန်လှပါဘုရား'

'အကျိုးဘယ်နှစ်မျိုး?'

'နှစ်မျိုးပါဘုရား'

'အကျိုးနှစ်မျိုးနော်'

'မှန်ပါတယ်ဘုရား'

'အောက်သံယောဇဉ်ငါးပါးကို ပုထုဇဉ်ဖြစ်ခဲ့ရင် အနာဂါမ်ဘဝနဲ့ ဘဝကို လှလှပပလေး အဆုံးသတ်သွားတယ်'

'မှန်ပါတယ်ဘုရား'

'အရိယာဖြစ်ခဲ့မယ်ဆိုရင် ရဟန္တာဘဝနဲ့ အထက်သံယောဇဉ် (၅) ပါး ပယ်သတ်ပြီးတော့ ပရိနိဗ္ဗာန်ပြုရမယ်'

'မှန်ပါတယ်ဘုရား'

'ဘုရားဖူး တရားနာခြင်းရဲ့အကျိုး အခု ဘုရားက ပွင့်တော့ပွင့်ခဲ့ပြီ ကိုယ်မှီလိုက်လား?'

'မမှီလိုက်ပါဘူးဘုရား'

'ဘုရားကိုယ်တိုင်ဟောတဲ့ တရားကော နာရလား?'

'မနာရပါဘူးဘုရား'

'သို့သော်လည်းပဲ ဘုရားကို ငါတို့ မမှီတော့ဘူး၊ ဘုရား ပရိနိဗ္ဗာန်ပြု သွားပြီ၊ ဘုရားဟောတဲ့တရားကို မနာရလို့ စိတ်ခတ်တော့ မကျကြပါနဲ့၊ ဘုရားရဲ့တပည့်သားတွေက ဘုရားဟောခဲ့တဲ့တရားတွေကို ဆက်လက် စောင့် ရှောက်ပြီး ထိန်းသိမ်းထားတဲ့အတွက်ကြောင့်မို့လို့ ယနေ့ ပြန်ပြောင်း ဟောခဲ့ တော့ မနာရဘူးလား?'

'နာရပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီလိုနာခဲ့ရမယ်ဆိုရင်လည်းပဲ -

**"သံဃာဖူးကာ တရားနာ၊ ကျိုးဟာနှစ်ပါး ရလေသည်"**

'နောက်ထပ် အကျိုးနှစ်မျိုးကို ပြောလိုက်ပါတယ်၊ သံဃာတော်အရှင်မြတ်တွေ ဟောကြားတဲ့တရားကို နာလိုက်တော့ ယနေ့ည ကိုယ်နဲ့ခန္ဓာကွဲမသွားဘူးလား?'

'ကွဲသွားပါတယ်ဘုရား'

'မိမိရဲ့သန္တာန်မှာ ခေါင်းကိုက်တယ်ဆိုရင် ခေါင်းကဘာလဲ?'

'ကိုယ်ပါဘုရား'

'ကိုက်တာက'

'ခန္ဓာပါဘုရား'

'တရားရှုရင် ဘာကြည့်မယ်?'

'ခန္ဓာကိုကြည့်ရမှာပါဘုရား'

'အဲဒီ ကိုက်သဘောလေး ပြတိုင်း ပြတိုင်းမှာ အာရုံလေးပြုပြီးတော့ ခေါင်းမှာဖောက်ပြန်တဲ့အာရုံကို ဘယ်သူက ခံစား?'

'ဝေဒနာကခံစားတာပါဘုရား'

'အဲဒီခံစားမှုသည် ခေါင်းမှာပေါ်လား?'

'မပေါ်ပါဘူးဘုရား'

'ဘယ်မှာပေါ်လဲ?'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'တန်ဖိုးရှိလိုက်တာ၊ မိမိတို့ ဒီအသိလေးသည် အလွန်ကိုပဲ ကျေးဇူးများပြီးတော့ ကိုယ့်ရဲ့သန္တာန် ဉာဏ်ကိန်းအောင်ဖြေနိုင်တယ်ဆိုတာကိုက အဖိုးတန်သွားတယ်နော်'

'မှန်လှပါဘုရား'

'သဘောပေါက်တယ်ဆိုလည်း မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီလိုဆိုရင် ခေါင်းကိုက်တယ်၊ ခေါင်းဆိုတာ ကိုယ်ကြည့်ရမယ့် တရားမဟုတ်ဘူး၊ ကိုက်သဘောလေးသာ ကြည့်ရမှာပါလားဆိုတော့ ခန္ဓာအပေါ်မှာ ဉာဏ်ရောက်မသွားဘူးလား?'

'ရောက်သွားပါတယ်ဘုရား'

'ကိုက်တာသည် ငါကိုက်တာပါလား?'

'မပါပါဘူးဘုရား'

'ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ကိုက်တာပါလား?'

'မပါပါဘူးဘုရား'

'အဲဒီ ကိုက်သဘောလေးသည် ဘယ်သူ့ရဲ့သဘော?'

'ရုပ်ရဲ့သဘောပါဘုရား'

'အဲဒီ ကိုက်သဘောလေးသည် ခေါင်းမှာပြုပြီးတော့ ပေါ်လာတဲ့အာရုံဟော-စိတ်မှာက ဘယ်သူကခံစား?'

'ဝေဒနာကခံစားတာပါဘုရား'

'ခံစားတာက "ငါ" ပါလား'

'မပါပါဘူးဘုရား'

'ပုဂ္ဂိုလ်သတ္တဝါပါသလား?'

'မပါပါဘူးဘုရား'

'ဘယ်သူခံစား?'

'ဝေဒနာကခံစားပါတယ်ဘုရား'

'ဒါဖြင့် ခံစားတဲ့အလုပ်က ဝေဒနာ၊ ဖောက်ပြန်တဲ့အလုပ်က'

'ရုပ်ရဲ့အလုပ်ပါဘုရား'

' "ငါ"ဝင်ရှုပ်လို့ ရှုပ်နေကြတာ'

'မှန်လှပါဘုရား'

'အခု ငါမပါပါလားဆိုတော့ ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ခံစားလိုက် ပျက်စီးလိုက်ကို ကောင်းစွာဉာဏ်ရောက်သွားတဲ့အတွက်ကြောင့်မို့လို့ သံဃာတော်တွေဟောတဲ့တရား ဉာဏ်ထဲရောက်တဲ့အသိ ကိန်းသွားရင်

http://www.dhammadownload.com



ဒီပုဂ္ဂိုလ် သေပေါက်သေ၀ရောက်သွားလည်းပဲ နှလုံးသွင်းလို့ စုတိစိတ်ကျသွားရင် အဲဒီပုဂ္ဂိုလ်သည် ပုထုဇဉ်ဖြစ်ခဲ့ရင် အောက်သံယောဇဉ် (၅) ပါးကို ပယ်သတ်ပြီးတော့ အနာဂါမ်အဖြစ်နဲ့ ဘ၀ကို လှလှပပလေး အနိုင်ရသွားတယ်'

'မှန်ပါဘုရား'

'တချို့တချို့ သေခါနီးမှာ ဒီတရားတွေကို ကောင်းစွာ နှလုံးသွင်းတဲ့ အတွက့်ကြောင့်မို့လို့ ကိုယ်လက်လေးတွေကွေးလို့ ဆန့်လို့ရတယ် ဆိုတာလေး မလာဘူးလား?'

'လာပါတယ်ဘုရား'

'သက်သေအရာက တရားက ပြတာနော်'

'မှန်ပါတယ်ဘုရား'

'ဒါကြောင့် တရားနာရတဲ့အကျိုး ကြီး မကြီး?'

'ကြီးပါတယ်ဘုရား'

'ဒီလို တရားနာပြီးတော့ နာရုံနဲ့ရလားဆိုမဟုတ်ဘူး၊ နာတယ်လို့သိတဲ့ အသိကို ဘယ်မှာဉာဏ်ဆိုက်ရမှာ'

'ခန္ဓာမှာပါဘုရား'

'အဲဒီလိုဉာဏ်ဆိုက်လိုက်တဲ့အတွက် ခန္ဓာထဲမှာရှိတဲ့တရားကို ကောင်းစွာ သိသွားလို့ သေကာနီးမှာ ပုထုဇဉ်ဖြစ်ခဲ့ရင်လည်း ဒီအသိလေး ကိန်းပြီးတော့မှား စုတိစိတ် ကျသွားခဲ့ရင် အဲဒီပုဂ္ဂိုလ် ပုထုဇဉ်ကနေ သေကာနီးမှာ အရိယာအဖြစ်ကို တရားက စောင့်ရှောက်သွားတယ်'

'မှန်ပါတယ်ဘုရား'

'အရိယာဖြစ်ခဲ့ရင်လည်း အချိန်မီ ဒီတရားကို နာလိုက်ရမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သည် ခန္ဓာဉာဏ်ရောက်ပြီး ရဟန္တာအဖြစ်နဲ့ အထက်သံယောဇဉ် (၅) ပါးကို ပယ်သတ်ပြီးတော့ ပရိနိဗ္ဗာန်ပြုရမယ်ဆိုတော့ သံဃာတော် အရှင်သူမြတ်တွေဟောတဲ့တရား နာရခြင်းသည်ပင်လျှင် အကျိုးဘယ်နှစ်မျိုး ထပ်ရ?'

'နှစ်မျိုးထပ်ရပါတယ်ဘုရား'

http://www.dhammadownload.com



'ကဲ-မိမိတို့က အဲဒီလို တရားနာရပြီးတော့မှ ဪ-ငါတို့ဆရာတော်တွေကို အားကိုးတယ်ဆိုပြီး ငါမကျန်းမာရင် အဲဒီဆရာတော် ပင့်ပေးနော် မှာထားပေ့ါနော်'

'မှန်ပါတယ်ဘုရား'

'အဲဒီလို မှာထားပြီးတော့ ကိုယ်က သေပေါက်သေဝရောက်ပြီ မရှုမလှ ခံစားနေရပြီ၊ ငါ့ကို သွားပင့်ပေးစမ်းပါ၊ ဟိုက သွားပင့်လိုက်တာ လမ်းတောင် မရောက်သေးဘူး ကိုယ်ကသေသွားပြီ၊ အဲလိုဆိုတော့ တရားနာရပ့ါမလား?'

'မနာရပါဘူးဘုရား'

'ဒါဖြင့်ရင် ဘုရားကလည်း ပရိနိဗ္ဗာန်ပြုသွားတဲ့အတွက်ကြောင့်မို့လို့ ကိုယ်က ဘုရားတရားကို နာဖို့ကလည်း ငံ့လင့်လို့ မရတော့ဘူး၊ သံဃာတော်အရှင်သူမြတ်တို့ကလည်း ကိုယ်က မကျန်းမမာဖြစ်တဲ့အခါမှာ ပင့်ဖို့ဆိုတာကလည်း ချက်ချင်းမလွယ်သေးဘူး'

'မှန်ပါတယ်ဘုရား'

'အဲဒီလို မလွယ်သေးတဲ့အခါမှာ ချက်ချင်းလက်ငင်း သေနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယနေ့နာရတဲ့တရားကို ကိုယ်က လက်တွေ့ ကျင့်ကြံပြီးတော့ အရယူထားမယ်ဆိုရင် ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ဒါကြောင့် -

"နာပြီးတရား ပြန်ရှုပွား၊ ကျိုးများ နှစ်ပါးရလေသည်"

'အခုနာကြားထားတဲ့တရားတွေ နာပစ်မလုပ်ဘဲနဲ့ ခန္ဓာမှာပြတိုင်းပြတိုင်းကို သတိထားပြီး ကိုယ်နဲ့ခန္ဓာကို ခွဲခြားပြီးတော့ သိအောင်ကြိုးစားမယ်၊ ဒီခန္ဓာလေးကို သဘောပေါက်ပြီး ဒီအာရုံပြုတိုင်းပြုတိုင်းမှာ ခံစားတဲ့ ဝေဒနာလေးကို ဉာဏ်လိုက်မယ်ဆိုရင် ဪ-ဝေဒနာကလည်း ဝေဒနာအလုပ်လုပ်နေပါလား၊ ရုပ်ကလည်း ရုပ်အလုပ်လုပ်နေပါလား၊ သူ့အလုပ်လုပ်ရင်းနဲ့ ဖောက်ပြန် ပျက်စီးနေတယ်၊ ခံစားမှုကလည်း ခံစားလိုက် ပျက်စီး

http://www.dhammadownload.com



လိုက်နဲ့ ပျက်နေတာကို ကိုယ့်သန္တာန်မှာ နာကြားတဲ့အတိုင်း အသိကိန်းအောင်များ ရှုမှတ်ပွားများရင် ကိုယ့်သန္တာန်မှာ အလေ့အကျင့်တွေ ရမလာဘူးလား?'

'ရလာပါတယ်ဘုရား'

'အဲဒီလိုနဲ့ ကိုယ့်သေပေါက်သေဝရောက်နေလည်းပဲ ဆရာတော်ကိုပင့်ပေးပါလို့ အာရုံများစရာအကြောင်း မရှိတော့ဘူး'

'မှန်ပါတယ်ဘုရား'

'သိတဲ့တရားလေးနဲ့ကို နှလုံးသွင်းသွားရင် အဲဒီအချိန်မှာ ပုထုဇဉ်ဖြစ်နေပါစေ၊ သေပေါက်သေဝရောက်တဲ့အခါမှာ ကိုယ်နာထားတဲ့ တရားလေးကို ပြန်လည်ရှုပွား နှလုံးသွင်းသွားရင် စုတိကျတဲ့အခါမှာ အောက်သံယောဇဉ် (၅) ပါးကို ပယ်သတ်ပြီးတော့ အနာဂါမ်ဘဝနဲ့ ဘဝကိုလှလှပပနဲ့ အသေကောင်း သေသွားနိုင်တယ်၊ အရိယာဖြစ်ခဲ့မယ်ဆိုရင်လည်းပဲ ဒီတရားလေးကို နှလုံးသွင်းပြီးတော့ သေသွားခဲ့ရင် ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ပြုနိုင်တယ်ဆိုတော့ အားထုတ်ထားတဲ့ စွမ်းအားသည်လည်း အကျိုးဘယ်နှစ်မျိုးပေါ်လဲ?'

'နှစ်မျိုးပေါ်ပါတယ်ဘုရား'

'တရားနာခြင်း၊ အားထုတ်ခြင်းရဲ့အကျိုးသည် သံသရာမှာ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကို ကောင်းစွာမျက်မှောက်ပြုနိုင်ပါလားဆိုတာကို ဖဂ္ဂုနရဟန်းတော်လေး အကြောင်းပြုပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အားရဖွယ်ဖြစ်အောင် မဟောသွားဘူးလား?'

'ဟောသွားပါတယ်ဘုရား'

'ယနေ့ ဒီတရားကော မနာရဘူးလား?'

'နာရပါတယ်ဘုရား'

'နာရတဲ့အတွက်ကြောင့်မို့လို့ ဩော်-ကိုယ်က မကျန်းမမာဖြစ်လို့များ မေ့သွားရင် လိုက်ပင့်ဖို့က အဝေးကြီး မလွယ်ဘူးနော်'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဒီတရားခွေလေး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အချိန်မှီပြန်နာလိုက်ရင် ချက်ချင်း အသေမကိန်းဘူးလား?'

'အသေကိန်းပါတယ်ဘုရား'

'မကျန်းမမာဖြစ်တိုင်း ဒီတရားခွေလေး ဖွင့်နာလိုက်ပါဆိုတာ အလကားပြောတာ မဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'ကဲ-ကိုယ်က အိပ်ရာထက်ကနေ နာရမှာလား?'

'မဟုတ်ပါဘူးဘုရား'

'ခန္ဓာကိုယ်ကြီးရှိကတည်းကိုက ကျန်းမာတဲ့ အချိန်ရယ်လို့ မရှိပါဘူး'

'မှန်ပါတယ်ဘုရား'

'မကျန်းမာတဲ့အချိန်တွေပဲ ဒီလိုဆိုရင် မကျန်းမာတိုင်း နာဆိုတော့ အချိန်တိုင်းနာဖို့ သတိပေးလိုက်တာ'

'မှန်လှပါဘုရား'

'ရှင်းကောရှင်းရဲ့လား၊ အေး-ဖဂ္ဂုနရဟန်းတော်လေးကို နမူနာထားပြီးတော့မှ ကိုယ့်သန္တာန်ပြနေတဲ့တရားတွေ ခေါင်း ကိုယ် ခြေ လက် ဘယ်နေရာပဲ ပေါ်ပေါ် တစ်ကိုယ်လုံးတစ်ကောင်လုံးမှာ နာကျင်နှိပ်စက်မှု တွေ ပြနေရင် ဝေဒနာလား ရောဂါလား?'

'ရောဂါပါဘုရား'

'ရောဂါဆိုတာ ပုဂ္ဂိုလ် သတ္တဝါလား ရုပ်လား'

'ရုပ်ပါဘုရား'

'အဲဒီလိုသိရင် ဒိဋ္ဌိသံယောဇဉ်ကြိုး ပြတ် မပြတ်?'

'ပြတ်ပါတယ်ဘုရား'

'ဒါဖြင့် ပိုင်းခြားသိရမယ့်တရားလေးက ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ ခန္ဓာဆိုတော့ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

http://www.dhammadownload.com



'ဟော-ဉာဏ်ကအာရုံပြုပြီး သိလိုက်တဲ့အတွက် သစ္စာနဲ့ဉာဏ်နဲ့ပေါင်း'

'သစ္စာဉာဏ်ပါဘုရား'

'ခန္ဓာတစ်ခုခု ပေါ်တိုင်းပေါ်တိုင်းမှာ သစ္စာဉာဏ်ရနေတယ်'

'မှန်ပါတယ်ဘုရား'

'အဲဒီသဘောလေးကိုကြည့်လိုက်ရင် ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ဖောက်ပြန်လိုက် ပျက်စီးလိုက် တစ်ကိုယ်လုံးမှာ ရုပ်တရားလေးတွေ မွမွရွရွ ပျက်နေတာကို မြင်လိုက်တဲ့ဉာဏ်သည်ပင် ဖြစ်ပျက်ရဲ့ ဒုက္ခသစ္စာကို ပိုင်းခြားသိတဲ့ဉာဏ်က မဂ္ဂသစ္စာလို့ ခေါ်မထားဘူးလား?'

'ခေါ်ထားပါတယ်ဘုရား'

'အရှိနဲ့အသိ ကိုက်တိုင်း ကိုက်တိုင်းမှာ သံယောဇဉ်တွေချည်သေးလား?'

'မချည်တော့ပါဘူးဘုရား'

'သံယောဇဉ်မချည်ရင် ကိလေသဝဋ် ပြတ်သွားပြီ'

'မှန်ပါတယ်ဘုရား'

'ကိလေသဝဋ်ပြတ်သွားရင် ကမ္မဝဋ် လာအုံးမလား?'

'မလာတော့ပါဘူးဘုရား'

'ဝိပါကဝဋ် အကျိုးပေးလွဲသွားပြီ'

'လွဲပါတယ်ဘုရား'

'ဝဋ်သုံးပါးပြတ်သွားပြီ'

'မှန်ပါတယ်ဘုရား'

'အရှိနဲ့အသိ ကိုက်သွားရင် တန်ဖိုးရှိတယ်နော်'

'မှန်ပါတယ်ဘုရား'

'အဲဒီလို ရုပ်ကထင်ရှားရင် ရုပ်ကိုဉာဏ်လှည့်သလို ကိုယ့်ရဲ့နာမ်ခွေ အပိုင်းမှာ ခံစားမှုလေးကထင်ရှားရင် ခံစားမှုကို ဉာဏ်လှည့်၊ သိမှုလေးက ထင်ရှားရင် သိမှုကို ဉာဏ်လှည့်၊ ဒါဖြင့်စိတ်ဆိုတဲ့ နာမ်တရားကလည်း

http://www.dhammadownload.com



ပေါ်တဲ့နေရာမှာ ချုပ် မချုပ်?'

'ချုပ်ပါတယ်ဘုရား'

'ပေါ်တဲ့ နာမ်သည် ငါလား သူလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ခန္ဓာလို့ သိလိုက်ရင် ခန္ဓာက ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'နောက်ကဉာဏ်လိုက် သစ္စာဉာဏ်လေး ပေါ်မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီလိုကြိုးစားသွားရင် ရှေ့ကနေကိုက်တဲ့အတွက် ဖြစ်ပျက်တွေမြင်ရင် ဩော်-ဖြစ်ပျက်က ဒုက္ခသစ္စာ၊ နှိပ်စက်နေတာ တယ်ပြီးကြောက်စရာကောင်းပါလားလို့ ဉာဏ်ကသာ ကိန်းလိုက်စမ်းပါ၊ ကိုယ့်သန္တာန်တရား ကိန်းမသွားဘူးလား?'

'ကိန်းသွားပါတယ်ဘုရား'

'နာမ်ကို ရှုရင်းနဲ့လည်းပဲ ဒုက္ခသစ္စာကို သိတဲ့ဉာဏ် မဂ္ဂင်က နောက်ကချည်နှောင်လာမယ့် သံယောဇဉ်တွေကို ဖြတ်လိုက်ပြန်ပြီဆိုတော့ ကိလေသဝဋ်၊ ကမ္မဝဋ် ပြတ်သွားပြန်ပြီ၊ ဝိပါကဝဋ် အကျိုးပေးပါအုံးမလား?'

'မပေးပါဘူးဘုရား'

'အဲဒီလိုနဲ့ ဘုရားဖူး၊ တရားနာခဲ့တာ၊ သံဃာဖူးတရားနာခဲ့တာတွေကိုယ့်ရဲ့သန္တာန် ဗဟုသုတတွေစုံသွားတဲ့အတွက် ကိုယ်ကိုယ်တိုင်က အားထုတ်ကျင့်ကြံလာတော့ အရှိတရားတွေပေါ်မှာ အသိဉာဏ်မှန်တွေကိန်းပြီး အလုပ်စခန်းမှာ ခရီးပေါက်တဲ့ ပုဂ္ဂိုလ်တွေ ကိုယ့်လုပ်ငန်းတွေက များပြားနေလို့အရိယာမဖြစ်ခဲ့သေးရင်လည်း သေပေါက်သေဝ အာစိဏ္ဏကံ စွဲမြဲပြီးတော့ပြန်ပြန်များ အလေ့အကျင့်လုပ်လို့ ကြိုးစားလိုက်မယ်ဆိုရင် အချိန်မီတာကသေသွားရင်တောင်မှ သေနည်းကောင်းနေ၁်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကဲ ပုထုဇဉ်ဖြစ်ခဲ့ရင် အောက်သံယောဇဉ်ငါးပါးကို ပယ်သတ်ပြီးတော့ လက်လေးတွေ၊ ခြေထောက်လေးတွေ ချိုးလို့ကွေးလို့ရတဲ့အထိကိုပင် တရားက စောင့်ရှောက်သွားတဲ့ ပျော့ပျောင်းမှုလေးတွေ အလကားမမှတ်နဲ့၊ သံယောဇဉ်တွေ အောက်သံယောဇဉ်ပယ်ပြီးတော့မှ ဘဝကို အဆုံးသတ်သွားတာဖြစ်တဲ့အတွက် အနာဂါမ်ဘဝကို ပုထုဇဉ်ဖြစ်ရင် ကျေးဇူးများလောက်အောင်ကို အထောက်အပံ့ကောင်း ရ မရ?'

'ရပါတယ်ဘုရား'

'အရိယာဖြစ်မယ်ဆိုရင် နှလုံးသွင်းလိုက်လို့ ရဟန္တာဖြစ်လိုက်ရင် ပရိနိဗ္ဗာန် ပြုရ မပြုရ?'

'ပြုရပါတယ်ဘုရား'

'ဘာနဲ့ဘာကွဲလို့?'

'ရုပ်နဲ့နာမ်ကွဲလို့ပါဘုရား'

'ဝေဒနာနဲ့ ငါမရောဘူး၊ ရုပ်နဲ့ဝေဒနာကွဲတယ်၊ ကိုယ်နဲ့ခန္ဓာလည်း ရှင်းသွားလို့ဆိုရင် မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'အဲဒီသဘောလေးကို ပိုင်အောင်ကြိုးစားပြီးတော့ ကိုယ့်ကိုယ်ကို ကယ်နိုင်ကြပါစေလို့ တိုက်တွန်းရင်းပဲ သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ်လိုက်ကြရအောင်'

( သာဓု . . . သာဓု . . . သာဓု )